# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း

# ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်

## ပန်းဘဲတန်းမြို့နယ် အစီရင်ခံစာ





ပြည်သူ့အင်အားဦးစီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန
၂၀၁၇ ခုနှစ်၊ မေလ

# ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း

## ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်

# ပန်းဘဲတန်းမြို့နယ် အစီရင်ခံစာ

ပြည်သူ့အင်အားဦးစီးဌာန

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

ရုံးအမှတ် (၄၈)


နေပြည်တော်

ဖုန်း - ၉၅-၆၇-၄၃၁၀၆၂

www.dop.gov.mm

၂၀၁၇ ခုနှစ်၊ မေလ

## ပုံ (၁) - ရန်ကုန်တိုင်းဒေသကြီး၏ မြို့နယ်များပြ မြေပုံ



ပန်းဘဲတန်းမြို့နယ်၏ လူဦးရေကိန်းဂဏန်းအချက်အလက်များ [၁]

| | | |
|---|---|---|
| လူဦးရေစုစုပေါင်း | ၃၃,၃၃၆ [၂] | |
| ကျား ဦးရေ | ၁၅,၁၇၁ (၄၅.၅% ) | |
| မ ဦးရေ | ၁၈,၁၆၅ (၅၄.၅% ) | |
| မြို့ပြလူဦးရေရာခိုင်နှုန်း | ၁၀၀.၀% | |
| ဧရိယာအကျယ်အဝန်း (စတုရန်းကီလိုမီတာ) | ၀.၇ [၃] | |
| လူဦးရေသိပ်သည်းဆ (တစ်စတုရန်းကီလိုမီတာ) | ၄၆,၅၃၉.၆ ဦး | |
| အသက်အလယ်ကိန်း | ၃၁.၀ နှစ် | |
| | | |
| ရပ်ကွက် စုစုပေါင်း | ၁၁ | |
| ကျေးရွာအုပ်စု စုစုပေါင်း | - | |
| အိမ်ထောင်စုအရေအတွက် | ၆,၅၆၃ | |
| အမျိုးသမီးအိမ်ထောင်ဦးစီးရာခိုင်နှုန်း | ၃၅.၈% | |
| ပျမ်းမျှအိမ်ထောင်စုအရွယ်အစား | ၄.၈ ဦး [၄] | |
| | | |
| အသက်အပိုင်းအခြားအလိုက်လူဦးရေရာခိုင်နှုန်း | | |
| ကလေးဦးရေ (အသက် ၀ -၁၄ နှစ်) | ၁၇.၈% | |
| အလုပ်လုပ်နိုင်သူဦးရေ (အသက် ၁၅ - ၆၄ နှစ်) | ၇၃.၇% | |
| သက်ကြီးရွယ်အိုဦးရေ (အသက် ၆၅ နှစ်နှင့်အထက်) | ၈.၅% | |
| | | |
| မှီခိုသူအချိုး | | |
| စုစုပေါင်းမှီခိုသူအချိုး | ၃၅.၆ | |
| ကလေးမှီခိုသူအချိုး | ၂၄.၂ | |
| သက်ကြီးရွယ်အိုမှီခိုသူအချိုး | ၁၁.၄ | |
| | | |
| သက်ကြီးရွယ်အိုညွှန်ကိန်း | ၄၇.၃ | |
| | | |
| ကျား/မ အချိုး | ၈၄ (မ ၁၀၀ တွင်ရှိသော ကျား ဦးရေ) | |
| | | |
| အသက် (၁၅) နှစ်နှင့်အထက် စာတတ်မြောက်မှုရာခိုင်နှုန်း | ၉၇.၆% | |
| ကျား စာတတ်မြောက်မှုရာခိုင်နှုန်း | ၉၈.၈% | |
| မ စာတတ်မြောက်မှုရာခိုင်နှုန်း | ၉၆.၆% | |
| | | |
| မသန်စွမ်းသူဦးရေ | အရေအတွက် | ရာခိုင်နှုန်း |
| မသန်စွမ်းသူ (မည်သည့်မသန်စွမ်းမှုအမျိုးအစားမဆို) | ၁,၂၄၈ | ၃.၇ |
| လမ်းလျှောက်/အမြင့်တက်/ပစ္စည်းကိုင်တွယ် | ၇၄၂ | ၂.၂ |
| အမြင် | ၄၀၇ | ၁.၂ |
| အကြား | ၃၃၁ | ၁.၀ |
| သင်ယူလေ့လာခြင်း/မှတ်ဉာဏ်/အာရုံစူးစိုက်ခြင်း | ၅၂၀ | ၁.၆ |
| | | |

| ကိုင်ဆောင်သည့် လက်မှတ်အမျိုးအစား (အသက် ၁၀ နှစ်နှင့်အထက်) | အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|
| နိုင်ငံသားစိစစ်ရေးကတ် | ၂၃,၅၈၇ | ၇၉.၃ |
| ဧည့်နိုင်ငံသားကတ် | ၆၆၃ | ၂.၂ |
| နိုင်ငံသားပြုခွင့်ရသူကတ် | ၈၂၇ | ၂.၈ |
| အမျိုးသားမှတ်ပုံတင်ကတ် | ၈၇၀ | ၂.၉ |
| သာသနာဝင်ကတ် | ၆၅ | ၀.၂ |
| ယာယီသက်သေခံကတ် | ၁၆၀ | ၀.၅ |
| နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ် | ၂၆၃ | ၀.၉ |
| နိုင်ငံခြားသားနိုင်ငံကူးလက်မှတ် | ၃၀၃ | ၁.၀ |
| မည်သည့်ကတ်မှမကိုင်ဆောင်သူ | ၃,၀၀၉ | ၁၀.၁ |

| လုပ်သားအင်အားအကြောင်းအရာ (အသက် ၁၅ - ၆၄ နှစ်) | စုစုပေါင်း | ကျား | မ |
|---|---|---|---|
| လုပ်သားအင်အားပါဝင်နှုန်း | ၅၇.၆% | ၈၁.၄% | ၃၈.၁% |
| အလုပ်လက်မဲ့ရာခိုင်နှုန်း | ၄.၃% | ၄.၄% | ၄.၁% |
| အလုပ်အကိုင်ရရှိမှုနှင့်လူဦးရေအချိုး | ၅၅.၂% | ၇၇.၉% | ၃၆.၅% |

| အိမ်ပိုင်ဆိုင်မှု | အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|
| ပိုင်ရှင် | ၄,၉၃၇ | ၇၅.၂ |
| အိမ်ငှား | ၁,၂၁၅ | ၁၈.၅ |
| အခမဲ့ (မိဘ/ယောက္ခမ/ဆွေမျိုး/မိတ်ဆွေ) | ၂၄၆ | ၃.၇ |
| အစိုးရဝန်ထမ်းအိမ်ရာ | ၈၂ | ၁.၂ |
| ပုဂ္ဂလိကဝန်ထမ်းအိမ်ရာ | ၃၂ | ၀.၅ |
| အခြား | ၅၁ | ၀.၈ |

| နေအိမ်အဆောက်အအုံအတွက် အဓိကအသုံးပြုသည့်ပစ္စည်းများ | အကာ | အခင်း | အမိုး |
|---|---|---|---|
| ဓနိ/သက်ကယ်/အင်ဖက် | - | | < ၀.၁% |
| ဝါး | < ၀.၁% | - | - |
| မြေကြီး | - | < ၀.၁% | |
| သစ်သား | ၁.၃% | ၄.၈% | ၀.၁% |
| သွပ် | ၀.၂% | | ၈၂.၆% |
| အုတ်ကြွပ်/အုတ်/ကွန်ကရစ် | ၉၈.၄% | ၉၄.၇% | ၁၇.၃% |
| အခြား | ၀.၁% | ၀.၅% | < ၀.၁% |

| အစားအစာချက်ပြုတ်စားသောက်ရန်အတွက်အဓိကအသုံးပြုသည့်လောင်စာ | အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|
| လျှပ်စစ်မီး | ၅,၁၀၄ | ၇၇.၈ |
| ဓာတ်ငွေ့ | ၆၈၂ | ၁၀.၄ |
| ရေနံဆီမီး | * | < ၀.၁ |
| ဘိုင်အိုဂက်စ် | ၁၁၃ | ၁.၇ |
| သစ်သား/ထင်း | * | ၀.၁ |
| မီးသွေး/လောင်စာတောင့် | ၅၈၆ | ၈.၉ |

| | | |
|---|---|---|
| ကျောက်မီးသွေး | * | ၀.၂ |
| အခြား | ၅၇ | ၀.၉ |
| | | |
| အလင်းရောင်အတွက်အဓိကအသုံးပြုသည့်မီးအမျိုးအစား | အရေအတွက် | ရာခိုင်နှုန်း |
| လျှပ်စစ်မီး | ၆,၅၆၁ | ၁၀၀.၀ |
| ရေနံဆီမီး | - | - |
| ဖယောင်းတိုင်မီး | * | < ၀.၁ |
| ဘက်ထရီမီး | - | - |
| မီးစက် (ပုဂ္ဂလိက) | - | - |
| ရေအားလျှပ်စစ် (ပုဂ္ဂလိက) | - | - |
| နေရောင်ခြည်စွမ်းအင်သုံး (ဆိုလာပြား) | - | - |
| အခြား | * | < ၀.၁ |
| | | |
| သောက်ရေအတွက်အဓိကအသုံးပြုသည့်ရေအမျိုးအစား | အရေအတွက် | ရာခိုင်နှုန်း |
| ရေပိုက်လိုင်း | ၂,၁၃၃ | ၃၂.၅ |
| အဝီစိတွင်း | ၁၂၅ | ၁.၉ |
| ရေတွင်း (အုတ်စီ) | - | - |
| ရေသန့်စက်/ရေသန့်ဘူး | ၄,၂၈၀ | ၆၅.၂ |
| *စုစုပေါင်းရေကောင်းရေသန့်ရရှိမှု* | *၆,၅၃၈* | *၉၉.၆* |
| ရေတွင်း (အကာရံမဲ့) | - | - |
| ရေကန် | - | - |
| မြစ်/ချောင်း/တူးမြောင်း | - | - |
| တောင်ကျရေ/မိုးရေ | * | < ၀.၁ |
| အခြား | ၂၄ | ၀.၄ |
| *စုစုပေါင်းရေကောင်းရေသန့် မရရှိမှု* | *၂၅* | *၀.၄* |
| | | |
| သုံးရေအတွက်အဓိကအသုံးပြုသည့်ရေအမျိုးအစား | အရေအတွက် | ရာခိုင်နှုန်း |
| ရေပိုက်လိုင်း | ၅,၇၆၄ | ၈၇.၈ |
| အဝီစိတွင်း | ၇၉၀ | ၁၂.၁ |
| ရေတွင်း (အုတ်စီ) | * | < ၀.၁ |
| ရေတွင်း (အကာရံမဲ့) | - | - |
| ရေကန် | - | - |
| မြစ်/ချောင်း/တူးမြောင်း | - | - |
| တောင်ကျရေ/မိုးရေ | - | - |
| ရေသန့်စက်/ရေသန့်ဘူး | * | ၀.၁ |
| အခြား | * | < ၀.၁ |
| | | |

| အိမ်သာအမျိုးအစား | အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|
| ရေဆွဲအိမ်သာ | ၁,၈၄၈ | ၂၈.၂ |
| ရေလောင်း/ယင်လုံအိမ်သာ | ၄,၇၀၄ | ၇၁.၆ |
| *စုစုပေါင်းသန့်ရှင်းသောယင်လုံအိမ်သာဆောက်လုပ်သုံးစွဲမှု* | *၆,၅၅၂* | *၉၉.၈* |
| တွင်း/ဇလားအိမ်သာ | * | ၀.၁ |
| တွင်းမရှိအိမ်သာ | - | - |
| အခြား | - | - |
| အိမ်သာမရှိ | * | ၀.၁ |
| | | |
| **ဆက်သွယ်ရေးပစ္စည်းများသုံးစွဲနိုင်မှုအခြေအနေ** | **အရေအတွက်** | **ရာခိုင်နှုန်း** |
| ရေဒီယို | ၁,၂၈၂ | ၁၉.၅ |
| ရုပ်မြင်သံကြား | ၅,၉၉၅ | ၉၁.၃ |
| ကြိုးဖုန်း | ၃,၁၉၅ | ၄၈.၇ |
| လက်ကိုင်ဖုန်း | ၆,၂၀၁ | ၉၄.၅ |
| ကွန်ပျူတာ | ၂,၁၉၂ | ၃၃.၄ |
| အိမ်တွင်အင်တာနက်တပ်ဆင်ထားခြင်း | ၂,၈၁၁ | ၄၂.၈ |
| မည်သည့်ပစ္စည်းမျှမရှိသည့် အိမ်ထောင်စု | ၆၆ | ၁.၀ |
| ပစ္စည်းအားလုံးရှိသည့် အိမ်ထောင်စု | ၃၀၆ | ၄.၇ |
| | | |
| **သယ်ယူပို့ဆောင်ရေးယာဉ်များသုံးစွဲနိုင်မှု အခြေအနေ** | **အရေအတွက်** | **ရာခိုင်နှုန်း** |
| ကား/ထရပ်ကား/ဗင်န် | ၁,၅၃၉ | ၂၃.၄ |
| မော်တော်ဆိုင်ကယ်/လျှပ်စစ်စက်ဘီး/သုံးဘီးကား | * | ၀.၁ |
| စက်ဘီး | ၆၇ | ၁.၀ |
| (၄) ဘီးပါ ထော်လာဂျီ | * | ၀.၁ |
| ကနူးလှေ၊ သမ္ပာန် | * | < ၀.၁ |
| စက်လှေ၊ မော်တော်ဘုတ် | * | ၀.၁ |
| လှည်း (ကျွဲ၊ နွား၊ မြင်း...... စသဖြင့်) | * | ၀.၁ |

မှတ်ချက်။ [၁] ပန်းဘဲတန်းမြို့နယ်၏ လူဦးရေကိန်းဂဏန်းအချက်အလက်များသည် ၂၀၁၄ ခုနှစ်၊ မတ်လ (၂၉) ရက်နေ့တွင်ရှိသည့် အချက်အလက်များဖြစ်ပါသည်။

[၂] အိမ်ထောင်စုလူဦးရေနှင့် အဖွဲ့အစည်းလူဦးရေ နှစ်ရပ်လုံးပါဝင်ပါသည်။

[၃] ကျေးရွာနှင့် မြေစာရင်းဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ (၂၀၁၄ - ၂၀၁၅)။

[၄] အိမ်ထောင်စုလူဦးရေကိုသာ အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

* အရေအတွက် (၂၀) ထက်နည်းပါသည်။

# မာတိကာ


နိဒါန်း .................................................. ၂

ပန်းဘဲတန်းမြို့နယ်၏ သန်းခေါင်စာရင်းအချက်အလက်များ .................................................. ၄

(က) လူဦးရေဆိုင်ရာ အချက်အလက်များ .................................................. ၅

(ခ) ကိုးကွယ်သည့်ဘာသာဆိုင်ရာအချက်အလက်များ .................................................. ၉

(ဂ) ပညာရေးဆိုင်ရာ အချက်အလက်များ .................................................. ၁၀

(ဃ) စီးပွားရေးဆိုင်ရာအချက်အလက်များ .................................................. ၁၄

(င) ကိုင်ဆောင်သည့်လက်မှတ်အမျိုးအစားများ .................................................. ၂၀

(စ) မသန်စွမ်းမှုအကြောင်းအရာ .................................................. ၂၁

(ဆ) အိမ်အကြောင်းအရာနှင့် အိမ်အသုံးအဆောင်ပစ္စည်းများ .................................................. ၂၄

နေအိမ်အမျိုးအစားများ .................................................. ၂၄

အိမ်သာအမျိုးအစားများ .................................................. ၂၅

သောက်ရေအမျိုးအစားများ .................................................. ၂၇

အလင်းရောင်အတွက် စွမ်းအင်အသုံးပြုမှု .................................................. ၂၉

အစားအစာချက်ပြုတ်စားသောက်ရန်အတွက် လောင်စာအသုံးပြုမှု .................................................. ၃၁

ဆက်သွယ်ရေးနှင့် အိမ်အသုံးအဆောင်ပစ္စည်းများ အသုံးပြုမှု .................................................. ၃၃

ပို့ဆောင်ရေးယာဉ် အမျိုးအစားများ .................................................. ၃၅

(ဇ) မွေးဖွားခြင်းနှင့် သေဆုံးခြင်းအကြောင်းအရာ .................................................. ၃၆

မွေးဖွားခြင်းအကြောင်းအရာ .................................................. ၃၆

ကလေးအရွယ်သေဆုံးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်သေဆုံးခြင်းအကြောင်းအရာ .................................................. ၃၈

သန်းခေါင်စာရင်းဆိုင်ရာ ဝေါဟာရအဓိပ္ပာယ်သတ်မှတ်ချက်များ .................................................. ၄၀

ပန်းဘဲတန်းမြို့နယ်အစီရင်ခံစာ ပြုစုသူများစာရင်း .................................................. ၄၆

# နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် နှစ်ပေါင်း (၃၀) ကြာ မကောက်ယူနိုင်ခဲ့သော ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို ၂၀၁၄ ခုနှစ်၊ ဧပြီလတွင် ကောက်ယူခဲ့ပါသည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက်ပိုင်း ပြည်လုံးကျွတ်သန်းခေါင်စာရင်းများကို ၁၉၇၃ ခုနှစ် တွင် တစ်ကြိမ်၊ ၁၉၈၃ ခုနှစ်တွင် တစ်ကြိမ်နှင့် ၂၀၁၄ ခုနှစ်၊ ဧပြီလတွင် တစ်ကြိမ်ကောက်ယူခဲ့ပါသည်။

နိုင်ငံတိုင်းတွင် သန်းခေါင်စာရင်းသည် လူဦးရေဆိုင်ရာအချက်အလက်များနှင့် အိမ်ထောင်စုများ၏ ဝိသေသလက္ခဏာများကို ရရှိနိုင်သည့် အရေးကြီးသောရင်းမြစ်တစ်ခုဖြစ်ပါသည်။ သန်းခေါင်စာရင်း၏ ထူးခြားသော အရည်အသွေးတစ်ခုမှာ အုပ်ချုပ်မှုဧရိယာ အသေးငယ်ဆုံးအဆင့်ထိ အချက်အလက်များကို ပံ့ပိုးပေးနိုင်ခြင်းပင်ဖြစ်ပါသည်။ ကောက်ယူရရှိသောအချက်အလက်များသည် အုပ်ချုပ်မှုနယ်ပယ်အဆင့်တိုင်း တွင် ထိရောက်သော ဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲခြင်း၊ အထောက်အထားပေါ် အခြေခံသော ဆုံးဖြတ်ချက်များချမှတ်ခြင်းတို့အတွက် မရှိမဖြစ်လိုအပ်ပါသည်။ သန်းခေါင်စာရင်းမှ ကောက်ယူရရှိသောအချက်အလက်များသည် နိုင်ငံတော်၏ သယံဇာတရင်းမြစ်များ ခွဲဝေသတ်မှတ်ခြင်း၊ နယ်မြေဧရိယာ နယ်နိမိတ်များကို ပြန်လည်ဆန်းစစ်နိုင်ခြင်း၊ လူမှုအခြေခံအဆောက်အအုံများ တည်ဆောက်ပေးခြင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများချမှတ်ရေးဆွဲခြင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများစသည်တို့အတွက် အသုံးဝင်ပါသည်။

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအစီရင်ခံစာများကို အတွဲများအလိုက် ထုတ်ပြန်ကြေညာခဲ့ပါသည်။ ပထမအဆင့်အနေဖြင့် ရှေ့ပြေးလူဦးရေစာရင်း အစီရင်ခံစာကို ၂၀၁၄ ခုနှစ်၊ ဩဂုတ်လတွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ သန်းခေါင်စာရင်း ပင်မအစီရင်ခံစာများကို ၂၀၁၅ ခုနှစ်၊ မေလတွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ ပင်မအစီရင်ခံစာများတွင် ပြည်ထောင်စုအဆင့် အစီရင်ခံစာ၊ သန်းခေါင်စာရင်းက ညွှန်းဆိုသော မြန်မာ့ပုံရိပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် (၁၅) ခု၏ သန်းခေါင်စာရင်း အစီရင်ခံစာများပါဝင်ပါသည်။ အလုပ်အကိုင်နှင့်လုပ်ငန်း အစီရင်ခံစာကို ၂၀၁၆ ခုနှစ်၊ မတ်လတွင် ထုတ်ပြန်ကြေညာခဲ့ပြီး ကိုးကွယ်သည့်ဘာသာ အစီရင်ခံစာကို ၂၀၁၆ ခုနှစ်၊ ဇူလိုင်လတွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ အစီရင်ခံစာများကို http://www.dop.gov.mm/ နှင့် http://myanmar.unfpa. org/node/15104 တို့တွင် ဖတ်ရှုလေ့လာနိုင်ပါသည်။

ယခုထုတ်ပြန်သည့် အစီရင်ခံစာများသည် မြို့နယ်/မြို့နယ်ခွဲများ၏ သန်းခေါင်စာရင်း အစီရင်ခံစာများဖြစ်ပါသည်။ အစီရင်ခံစာများကို ပြည်သူ့အင်အားဦးစီးဌာနနှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့တို့ ပူးပေါင်း၍ ရေးသားပြုစုထားခြင်းဖြစ်ပါသည်။ ဤအစီရင်ခံစာတွင် ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၏ လူဦးရေဆိုင်ရာအချက်အလက်များနှင့် လူမှုစီးပွားဆိုင်ရာအချက်အလက်များ ပါဝင်ပါသည်။

အစီရင်ခံစာပါ အကြောင်းအရာများသည် ၂၀၁၄ ခုနှစ်၊ မတ်လ (၂၉) ရက်နေ့ ညသန်းခေါင်ယံအချိန် (သန်းခေါင်စာရင်းည) တွင်ရှိသည့် အချက်အလက်များဖြစ်ပါသည်။ မြို့နယ်အဆင့် အချက်အလက် များသည် အလွန်အရေးကြီးပါသည်။ သို့ရာတွင် မြို့နယ်အဆင့် ခန့်မှန်းတွက်ချက်မှုများ၏ တိကျမှန်ကန်မှု သည် ပြည်ထောင်စုအဆင့်နှင့် တူညီနိုင်မည်မဟုတ်ပေ။ လူဦးရေနည်းပါးသည့် မြို့နယ်များ၏ အချက် အလက်များကို လေ့လာဆန်းစစ်ရာတွင် သတိပြု၍လေ့လာသုံးသပ်ရမည်ဖြစ်ပါသည်။ တစ်နှစ်အောက် ကလေးသေနှုန်းနှင့် ငါးနှစ်အောက်ကလေးသေနှုန်းကဲ့သို့သော ညွှန်ကိန်းများကို အခြားသောဆက်နွယ်မှု ရှိသည့် အကြောင်းအရာအချက်အလက်များ ထည့်သွင်းစဉ်းစား၍ လေ့လာဆန်းစစ်သုံးသပ်ရပါမည်။ သို့ဖြစ်၍ လူဦးရေနည်းပါးသည့် မြို့နယ်များအတွက် သေဆုံးခြင်းဆိုင်ရာ ခန့်မှန်းတွက်ချက်မှုများကို အတိအကျမယူဆသင့်ဘဲ ထိုမြို့နယ်များ၏ သေဆုံးခြင်းဆိုင်ရာ အခြေအနေများအတွက် အထိုက် အလျောက်ပြဆိုသော ညွှန်ကိန်းများအဖြစ်ယူဆရပါမည်။ ထို့ပြင် မြို့နယ်အချင်းချင်း နှိုင်းယှဉ်ရာတွင် လည်း မည်သည့်မြို့နယ်သည် အခြေအနေပိုမိုကောင်းမွန်သည်၊ မည်သည့်မြို့နယ်သည် အားနည်းသည် ဟူ၍ ကောက်ချက်ချနိုင်ပါသည်။

# ပန်းဘဲတန်းမြို့နယ်၏ သန်းခေါင်စာရင်းအချက်အလက်များ

## (က) လူဦးရေဆိုင်ရာ အချက်အလက်များ

| | | | |
|---|---|---|---|
| လူဦးရေစုစုပေါင်း | ၃၃,၃၃၆ * | | |
| ကျား ဦးရေ | ၁၅,၁၇၁ | | |
| မ ဦးရေ | ၁၈,၁၆၅ | | |
| ကျား/မ အချိုး | ၈၄ (မ ၁၀၀ ရှိ ကျား ဦးရေ) | | |
| မြို့ပြလူဦးရေ ရာခိုင်နှုန်း | ၁၀၀.၀ % | | |
| ဧရိယာအကျယ်အဝန်း (စတုရန်းကီလိုမီတာ) | ၀.၇ ** | | |
| လူဦးရေသိပ်သည်းဆ (တစ်စတုရန်းကီလိုမီတာ) | ၄၆,၅၃၉.၆ ဦး | | |
| ရပ်ကွက် စုစုပေါင်း | ၁၁ | | |
| ကျေးရွာအုပ်စု စုစုပေါင်း | - | | |
| | စုစုပေါင်း | မြို့ပြ | ကျေးလက် |
| အိမ်ထောင်စုလူဦးရေ | ၃၁,၃၂၈ | ၃၁,၃၂၈ | - |
| အိမ်ထောင်စုအရေအတွက် | ၆,၅၆၃ | ၆,၅၆၃ | - |
| ပျမ်းမျှအိမ်ထောင်စုအရွယ်အစား | ၄.၈ ဦး *** | | |

- ပန်းဘဲတန်းမြို့နယ်တွင် မ ဦးရေသည် ကျား ဦးရေထက် ပိုများပြီး မ (၁၀၀) ဦး တွင် ကျား (၈၄) ဦး ရှိပါသည်။
- ပန်းဘဲတန်းမြို့နယ်တွင် လူဦးရေအားလုံးသည် မြို့ပြဒေသတွင်နေထိုင်ကြပါသည်။
- ပန်းဘဲတန်းမြို့နယ်၌ တစ်စတုရန်းကီလိုမီတာတွင် လူဦးရေ (၄၆,၅၄၀) ဦးနေထိုင်ပါသည်။
- ပန်းဘဲတန်းမြို့နယ်တွင် အိမ်ထောင်စုတစ်စုစီ၌ ပျမ်းမျှလူဦးရေ (၄.၈) ဦးနေထိုင်ပြီး မြန်မာနိုင်ငံ၏ ပျမ်းမျှအိမ်ထောင်စုလူဦးရေထက် အနည်းငယ်မြင့်ပါသည်။

မှတ်ချက်။ * အိမ်ထောင်စုလူဦးရေနှင့် အဖွဲ့အစည်းလူဦးရေ နှစ်ရပ်လုံးပါဝင်ပါသည်။


** ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ (၂၀၁၄ - ၂၀၁၅)။

*** အိမ်ထောင်စုလူဦးရေကိုသာ အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

**ဇယား (၁) - ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်၊ ပန်းဘဲတန်းမြို့နယ်၏ မြို့ရပ်ကွက်အလိုက် အိမ်ထောင်စုအရေအတွက်နှင့် ကျား/မ လူဦးရေစာရင်း**

| စဉ် | ရပ်ကွက် | အိမ်ထောင်စု အရေအတွက် | လူဦးရေ | | |
|---|---|---|---|---|---|
| | | | စုစုပေါင်း | ကျား | မ |
| | **စုစုပေါင်း** | **၆,၅၆၃** | **၃၃,၃၃၆** | **၁၅,၁၇၁** | **၁၈,၁၆၅** |
| | **မြို့ရပ်ကွက်များ** | **၆,၅၆၃** | **၃၃,၃၃၆** | **၁၅,၁၇၁** | **၁၈,၁၆၅** |
| ၁ | အမှတ် (၁) | ၆၅၃ | ၂,၈၃၄ | ၁,၂၁၀ | ၁,၆၂၄ |
| ၂ | အမှတ် (၂) | ၃၇၆ | ၂,၆၈၀ | ၁,၁၉၃ | ၁,၄၈၇ |
| ၃ | အမှတ် (၃) | ၇၈၆ | ၃,၇၈၃ | ၁,၇၁၇ | ၂,၀၆၆ |
| ၄ | အမှတ် (၄) | ၇၀၁ | ၃,၃၁၂ | ၁,၄၂၀ | ၁,၈၉၂ |
| ၅ | အမှတ် (၅) | ၅၃၈ | ၂,၈၂၀ | ၁,၂၁၄ | ၁,၆၀၆ |
| ၆ | အမှတ် (၆) | ၅၉၀ | ၂,၉၇၁ | ၁,၄၅၀ | ၁,၅၂၁ |
| ၇ | အမှတ် (၇) | ၈၅၇ | ၄,၂၀၇ | ၁,၉၈၀ | ၂,၂၂၇ |
| ၈ | အမှတ် (၈) | ၇၆၅ | ၃,၉၄၄ | ၁,၈၂၅ | ၂,၁၁၉ |
| ၉ | အမှတ် (၉) | ၃၄၂ | ၁,၆၈၈ | ၇၉၀ | ၈၉၈ |
| ၁၀ | အမှတ် (၁၀) | ၅၃၉ | ၂,၅၉၉ | ၁,၁၆၁ | ၁,၄၃၈ |
| ၁၁ | အမှတ် (၁၁) | ၄၁၆ | ၂,၄၉၈ | ၁,၂၁၁ | ၁,၂၈၇ |

### ပုံ (၂) - အသက်အုပ်စုကြီးများအလိုက်လူဦးရေ





### ဇယား (၂) - ပန်းဘဲတန်းမြို့နယ်၏ အသက်အုပ်စုအလိုက် လူဦးရေ

| အသက်အုပ်စု | စုစုပေါင်း | ကျား | မ |
|---|---|---|---|
| စုစုပေါင်း | ၃၃,၃၃၆ | ၁၅,၁၇၁ | ၁၈,၁၆၅ |
| ၀ - ၄ | ၁,၆၇၉ | ၈၁၉ | ၈၆၀ |
| ၅ - ၉ | ၁,၉၀၉ | ၉၅၁ | ၉၅၈ |
| ၁၀ - ၁၄ | ၂,၃၅၇ | ၁,၁၇၇ | ၁,၁၈၀ |
| ၁၅ - ၁၉ | ၃,၃၃၅ | ၁,၆၇၇ | ၁,၆၅၈ |
| ၂၀ - ၂၄ | ၃,၇၆၄ | ၁,၇၀၀ | ၂,၀၆၄ |
| ၂၅ - ၂၉ | ၃,၀၂၈ | ၁,၃၇၈ | ၁,၆၅၀ |
| ၃၀ - ၃၄ | ၂,၆၂၇ | ၁,၁၈၅ | ၁,၄၄၂ |
| ၃၅ - ၃၉ | ၂,၂၉၄ | ၁,၀၂၁ | ၁,၂၇၃ |
| ၄၀ - ၄၄ | ၂,၂၇၂ | ၁,၀၂၁ | ၁,၂၅၁ |
| ၄၅ - ၄၉ | ၂,၁၅၂ | ၉၃၇ | ၁,၂၁၅ |
| ၅၀ - ၅၄ | ၁,၉၈၀ | ၈၁၃ | ၁,၁၆၇ |
| ၅၅ - ၅၉ | ၁,၇၃၅ | ၇၃၆ | ၉၉၉ |
| ၆၀ - ၆၄ | ၁,၃၉၀ | ၆၂၂ | ၇၆၈ |
| ၆၅ - ၆၉ | ၁,၀၅၅ | ၄၃၄ | ၆၂၁ |
| ၇၀ - ၇၄ | ၇၀၅ | ၂၉၂ | ၄၁၃ |
| ၇၅ - ၇၉ | ၄၉၈ | ၁၉၃ | ၃၀၅ |
| ၈၀ - ၈၄ | ၂၉၈ | ၁၂၇ | ၁၇၁ |
| ၈၅ - ၈၉ | ၁၆၂ | ၅၄ | ၁၀၈ |
| ၉၀ + | ၉၆ | ၃၄ | ၆၂ |

- ပန်းဘဲတန်းမြို့နယ်တွင် အသက် (၁၅) နှစ်မှ (၆၄) နှစ်အတွင်းရှိ အလုပ်လုပ်နိုင်သည့်အရွယ် လူဦးရေမှာ (၇၃.၇) ရာခိုင်နှုန်းရှိပါသည်။
- အသက် (၁၄) နှစ်နှင့်အောက် ကလေးအချိုးနှင့် အသက် (၆၅) နှစ်နှင့်အထက် သက်ကြီးရွယ်အို အချိုးစုစုပေါင်းသည် အလုပ်လုပ်နိုင်သည့် လူဦးရေအချိုးထက် နည်းပါသည်။
- ကလေးအချိုးနှင့် သက်ကြီးရွယ်အိုအချိုးနည်းခြင်းသည် အလုပ်လုပ်နိုင်သည့် လူဦးရေအပေါ် မှီခိုမှုကို လျော့နည်းစေပါသည်။

## ပုံ (၃) - လူဦးရေပိရမစ် (ပြည်ထောင်စု၊ ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်၊ ပန်းဘဲတန်းမြို့နယ်)





- ပန်းဘဲတန်းမြို့နယ်တွင် လွန်ခဲ့သော ၁၅ နှစ်ခန့်က စတင်ပြီး ကလေးမွေးဖွားနှုန်း သိသာစွာ ကျဆင်းခဲ့ပါသည်။
- အသက် (၂၅-၂၉) အုပ်စုမှ စတင်၍ လူဦးရေသိသာစွာ လျော့နည်းနေသည်ကို တွေ့ရှိရပါသည်။

- ပြည်ထောင်စုနှင့်နှိုင်းယှဉ်လျှင် ပန်းဘဲတန်းမြို့နယ်တွင် အလုပ်လုပ်နိုင်သည့် အသက် (၁၅-၆၄) အုပ်စု၏ ရာခိုင်နှုန်းမြင့်နေကြောင်း တွေ့ရှိရပါသည်။
- အသက်အုပ်စု (၁၅-၁၉) မှလွဲ၍ ကျန်အသက်အုပ်စုတိုင်းတွင် ကျား ဦးရေသည် မ ဦးရေထက် လျော့နည်းသည်ကို တွေ့ရှိရပါသည်။

## (ခ) ကိုးကွယ်သည့်ဘာသာဆိုင်ရာအချက်အလက်များ

**ပုံ (၄) - ပြည်ထောင်စုနှင့် ရန်ကုန်တိုင်းဒေသကြီး၏ ကိုးကွယ်သည့်ဘာသာအလိုက် လူဦးရေ ရာခိုင်နှုန်း**




- မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာ ကိုးကွယ်သူ (၈၇.၉) ရာခိုင်နှုန်း၊ ခရစ်ယာန်ဘာသာ ကိုးကွယ်သူ (၆.၂) ရာခိုင်နှုန်း၊ အစ္စလာမ်ဘာသာ ကိုးကွယ်သူ (၄.၃) ရာခိုင်နှုန်း၊ ဟိန္ဒူဘာသာ ကိုးကွယ်သူ (၀.၅) ရာခိုင်နှုန်း၊ နတ်ကိုးကွယ်သူ (၀.၈) ရာခိုင်နှုန်း၊ အခြားဘာသာ ကိုးကွယ်သူ (၀.၂) ရာခိုင်နှုန်းနှင့် မည်သည့်ဘာသာမျှ မကိုးကွယ်သူ (၀.၁) ရာခိုင်နှုန်း ရှိကြောင်း တွေ့ရှိရပါသည်။
- ရန်ကုန်တိုင်းဒေသကြီးတွင် ဗုဒ္ဓဘာသာ (၉၁.၀) ရာခိုင်နှုန်း၊ ခရစ်ယာန် (၃.၂) ရာခိုင်နှုန်း၊ အစ္စလာမ် (၄.၇) ရာခိုင်နှုန်း၊ ဟိန္ဒူ (၁.၀) ရာခိုင်နှုန်းနှင့် အခြားဘာသာ (၀.၁) ရာခိုင်နှုန်းရှိပြီး နတ်ကိုးကွယ်မှုနှင့် ဘာသာမရှိသူများသည် (၀.၁) ရာခိုင်နှုန်းထက် လျော့နည်းပါသည်။


မှတ်ချက်။ * ၀.၁ ရာခိုင်နှုန်းထက်နည်းပါသည်။

(ဂ) ပညာရေးဆိုင်ရာ အချက်အလက်များ


ဇယား (၃) - အသက် (၅) နှစ်မှ (၂၉) နှစ်အတွင်း လူဦးရေနှင့် ကျောင်းတက်နေသူအရေအတွက်ကို ကျား/မ ခွဲခြားဖော်ပြသောဇယား

| အသက် | လူဦးရေ | | | ကျောင်းတက်နေသူ | | |
|---|---|---|---|---|---|---|
| | စုစုပေါင်း | ကျား | မ | စုစုပေါင်း | ကျား | မ |
| ၅ | ၃၅၅ | ၁၇၇ | ၁၇၈ | ၆၇ | ၃၆ | ၃၁ |
| ၆ | ၃၈၈ | ၂၀၇ | ၁၈၁ | ၂၅၅ | ၁၃၅ | ၁၂၀ |
| ၇ | ၃၈၄ | ၁၇၃ | ၂၁၁ | ၂၆၆ | ၁၂၇ | ၁၃၉ |
| ၈ | ၃၆၈ | ၁၈၃ | ၁၈၅ | ၂၆၃ | ၁၂၅ | ၁၃၈ |
| ၉ | ၄၀၇ | ၂၀၆ | ၂၀၁ | ၂၈၈ | ၁၄၅ | ၁၄၃ |
| ၁၀ | ၄၀၈ | ၂၂၃ | ၁၈၅ | ၂၉၀ | ၁၅၆ | ၁၃၄ |
| ၁၁ | ၄၂၈ | ၁၉၆ | ၂၃၂ | ၂၉၀ | ၁၃၆ | ၁၅၄ |
| ၁၂ | ၄၄၅ | ၂၁၅ | ၂၃၀ | ၂၈၅ | ၁၃၈ | ၁၄၇ |
| ၁၃ | ၄၈၉ | ၂၄၈ | ၂၄၁ | ၂၈၆ | ၁၅၅ | ၁၃၁ |
| ၁၄ | ၅၅၅ | ၂၇၃ | ၂၈၂ | ၃၀၆ | ၁၅၇ | ၁၄၉ |
| ၁၅ | ၅၀၉ | ၂၄၆ | ၂၆၃ | ၂၃၇ | ၁၁၅ | ၁၂၂ |
| ၁၆ | ၅၆၉ | ၂၆၀ | ၃၀၉ | ၂၃၂ | ၁၀၁ | ၁၃၁ |
| ၁၇ | ၅၈၃ | ၂၉၉ | ၂၈၄ | ၂၀၄ | ၉၉ | ၁၀၅ |
| ၁၈ | ၆၇၈ | ၃၂၀ | ၃၅၈ | ၁၉၉ | ၉၄ | ၁၀၅ |
| ၁၉ | ၆၁၀ | ၂၉၁ | ၃၁၉ | ၁၄၁ | ၇၁ | ၇၀ |
| ၂၀ | ၇၄၃ | ၃၁၀ | ၄၃၃ | ၁၁၆ | ၅၂ | ၆၄ |
| ၂၁ | ၆၂၈ | ၂၈၅ | ၃၄၃ | ၉၂ | ၄၉ | ၄၃ |
| ၂၂ | ၆၂၃ | ၂၆၅ | ၃၅၈ | ၄၉ | ၃၀ | ၁၉ |
| ၂၃ | ၅၉၅ | ၂၈၁ | ၃၁၄ | ၂၇ | ၁၉ | ၈ |
| ၂၄ | ၅၈၀ | ၂၅၉ | ၃၂၁ | ၁၃ | ၉ | ၄ |
| ၂၅ | ၅၇၈ | ၂၇၁ | ၃၀၇ | ၂၄ | ၁၆ | ၈ |
| ၂၆ | ၅၄၁ | ၂၃၆ | ၃၀၅ | ၇ | ၄ | ၃ |
| ၂၇ | ၅၁၈ | ၂၃၆ | ၂၈၂ | ၅ | ၂ | ၃ |
| ၂၈ | ၅၃၆ | ၂၃၃ | ၃၀၃ | ၅ | ၄ | ၁ |
| ၂၉ | ၄၉၈ | ၂၁၇ | ၂၈၁ | ၇ | ၄ | ၃ |

**ပုံ (၅) - ပြည်ထောင်စု၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပန်းဘဲတန်းမြို့နယ်တို့၏ ကျောင်းတက်ရောက်မှုအခြေအနေ**






**ပုံ (၆) - ပြည်ထောင်စုနှင့် ပန်းဘဲတန်းမြို့နယ်တို့၏ ကျား/မ အလိုက် ကျောင်းတက်ရောက်မှုအခြေအနေ**




- ပန်းဘဲတန်းမြို့နယ်၌ ယောကျ်ားလေးများနှင့် မိန်းကလေးများသည် အသက် (၁၁) နှစ်အရွယ်မှ စတင်၍ ကျောင်းတက်ရောက်မှုနှုန်း လျော့ကျလာကြောင်း တွေ့ရှိရပါသည်။
- ပြည်ထောင်စုနှင့် နှိုင်းယှဉ်ရာတွင် ပန်းဘဲတန်းမြို့နယ်မှ ယောကျ်ားလေးများနှင့် မိန်းကလေးများ၏ ကျောင်းတက်ရောက်မှုနှုန်းသည် ကျောင်းစတင်တက်ရောက်သည့်အရွယ်မှစ၍ အသက် (၁၄) နှစ် ထိနိမ့်လျက်ရှိသော်လည်း အသက် (၁၅) နှစ်ကျော်မှစ၍ ပိုမိုမြင့်နေကြောင်း တွေ့ရှိရပါသည်။

## ပုံ (၇) - ရန်ကုန်တိုင်းဒေသကြီး၏ စာတတ်မြောက်မှုနှုန်း (အသက် ၁၅ နှစ်နှင့်အထက်)




| | |
|---|---|
| ပြည်ထောင်စု | - ၈၉.၅% |
| ရန်ကုန်တိုင်းဒေသကြီး | - ၉၆.၆% |
| အနောက်ပိုင်းခရိုင် | - ၉၈.၁% |
| ပန်းဘဲတန်းမြို့နယ် | - ၉၇.၆% |

## ဇယား (၄) - ပန်းဘဲတန်းမြို့နယ်၏ လူငယ်လူရွယ် (၁၅-၂၄) စာတတ်မြောက်မှုရာခိုင်နှုန်း

| ကျား/မ | စုစုပေါင်း လူဦးရေ (၁၅ - ၂၄) | စာတတ်မြောက်မှု ရာခိုင်နှုန်း (၁၅ - ၂၄) |
|---|---|---|
| စုစုပေါင်း | ၆,၁၁၈ | ၉၈.၄ |
| ကျား | ၂,၈၁၆ | ၉၉.၁ |
| မ | ၃,၃၀၂ | ၉၇.၉ |

- ပန်းဘဲတန်းမြို့နယ်၏ အသက် (၁၅) နှစ်နှင့်အထက် စာတတ်မြောက်မှုရာခိုင်နှုန်းမှာ (၉၇.၆) ရာခိုင်နှုန်းဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး၏ စာတတ်မြောက်မှုရာခိုင်နှုန်း (၉၆.၆) နှင့် မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုရာခိုင်နှုန်း (၈၉.၅) ထက်မြင့်ပါသည်။ ပန်းဘဲတန်းမြို့နယ်၏ မ စာတတ်မြောက်မှု ရာခိုင်နှုန်းသည် (၉၆.၆) ဖြစ်ပြီး ကျား စာတတ်မြောက်မှုရာခိုင်နှုန်းသည် (၉၈.၈) ဖြစ်ပါသည်။
- ပန်းဘဲတန်းမြို့နယ်၏ အသက် (၁၅) နှစ်မှ (၂၄) နှစ်အတွင်း လူငယ်လူရွယ် စာတတ်မြောက်မှု ရာခိုင်နှုန်းသည် (၉၈.၄) ဖြစ်ပါသည်။ မ လူငယ်လူရွယ် စာတတ်မြောက်မှုရာခိုင်နှုန်းသည် (၉၇.၉) ဖြစ်ပြီး ကျား လူငယ်လူရွယ် စာတတ်မြောက်မှုရာခိုင်နှုန်းသည် (၉၉.၁) ဖြစ်ပါသည်။

## ဇယား (၅) - အသက် (၂၅) နှစ်နှင့်အထက်လူဦးရေကို အမြင့်ဆုံးတက်ရောက်ပြီးစီးခဲ့သည့်အတန်းအလိုက် မြို့ပြ/ကျေးလက်နှင့် ကျား/မ ခွဲခြားဖော်ပြသောဇယား


| | စုစုပေါင်း | အတန်းမရှိ | လုံးဝ ကျောင်းမနေဘူးသူ ရာခိုင်နှုန်း | မူလတန်း | | အလယ်တန်း (၅ တန်းမှ ၈ တန်းထိ) | အထက်တန်း (၉ တန်းမှ ၁၀ တန်းထိ) | ဒီပလိုမာ | တက္ကသိုလ်/ ကောလိပ် | ဘွဲ့လွန်နှင့် အထက် | အသက်မွေးဝမ်းကျောင်း သင်တန်း | အခြား |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သူငယ်တန်းမှ ၃ တန်းထိ | ၄ တန်း | | | | | | | |
| စုစုပေါင်း | ၂၀,၂၉၂ | ၇၂၇ | ၃.၆ | ၁,၈၄၁ | ၁,၃၈၁ | ၄,၇၅၉ | ၄,၅၇၉ | ၈၉ | ၆,၄၂၆ | ၃၆၉ | ၅၃ | ၆၈ |
| မြို့ပြ | ၂၀,၂၉၂ | ၇၂၇ | ၃.၆ | ၁,၈၄၁ | ၁,၃၈၁ | ၄,၇၅၉ | ၄,၅၇၉ | ၈၉ | ၆,၄၂၆ | ၃၆၉ | ၅၃ | ၆၈ |
| ကျေးလက် | - | - | - | - | - | - | - | - | - | - | - | - |
| ကျား | ၈,၈၄၇ | ၁၇၁ | ၁.၉ | ၆၁၂ | ၅၂၃ | ၂,၃၅၇ | ၂,၃၅၃ | ၆၃ | ၂,၅၈၄ | ၁၁၄ | ၂၈ | ၄၂ |
| မ | ၁၁,၄၄၅ | ၅၅၆ | ၄.၉ | ၁,၂၂၉ | ၈၅၈ | ၂,၄၀၂ | ၂,၂၂၆ | ၂၆ | ၃,၈၄၂ | ၂၅၅ | ၂၅ | ၂၆ |


- အသက် (၂၅) နှစ်နှင့်အထက် လူဦးရေ၏ (၃.၆) ရာခိုင်နှုန်းသည် လုံးဝ ကျောင်းမနေဘူးသူများ ဖြစ်ပါသည်။
- အသက် (၂၅) နှစ်နှင့်အထက် အမျိုးသားများ၏ (၁.၉) ရာခိုင်နှုန်းနှင့် အမျိုးသမီးများ၏ (၄.၉) ရာခိုင်နှုန်းမှာ လုံးဝ ကျောင်းမနေဘူးသူများဖြစ်ပါသည်။
- အသက် (၂၅) နှစ်နှင့်အထက် လူဦးရေ၏ (၆.၈) ရာခိုင်နှုန်းသည် မူလတန်းအဆင့် (၄ တန်း) ပြီးစီး အောင်မြင်သူများဖြစ်ပြီး တက္ကသိုလ်/ကောလိပ်အဆင့်ပြီးစီးသူမှာ (၃၁.၇) ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရပါသည်။

## (ဃ) စီးပွားရေးဆိုင်ရာအချက်အလက်များ

**ဇယား (၆) - အသက် (၁၀) နှစ်နှင့်အထက် လူဦးရေ၏ လုပ်သားအင်အားပါဝင်နှုန်းနှင့် အလုပ်လက်မဲ့ရာခိုင်နှုန်းတို့ကို အသက်အုပ်စုအလိုက် ကျား/မ ခွဲခြားဖော်ပြသောဇယား**

| အသက်အုပ်စု | လုပ်သားအင်အားပါဝင်နှုန်း | | | အလုပ်လက်မဲ့ရာခိုင်နှုန်း | | |
|---|---|---|---|---|---|---|
| | စုစုပေါင်း | ကျား | မ | စုစုပေါင်း | ကျား | မ |
| ၁၀-၁၄ | ၇.၆ | ၈.၁ | ၇.၂ | ၈.၃ | ၁၂.၆ | ၃.၅ |
| ၁၅ - ၁၉ | ၄၁.၉ | ၅၂.၀ | ၃၁.၆ | ၆.၈ | ၈.၅ | ၄.၀ |
| ၂၀ - ၂၄ | ၆၅.၀ | ၇၈.၆ | ၅၃.၈ | ၁၀.၀ | ၁၀.၃ | ၉.၅ |
| ၂၅ - ၂၉ | ၇၀.၅ | ၉၀.၉ | ၅၃.၅ | ၅.၈ | ၅.၈ | ၅.၈ |
| ၃၀ - ၃၄ | ၆၃.၉ | ၉၁.၉ | ၄၀.၈ | ၄.၂ | ၃.၉ | ၄.၈ |
| ၃၅ - ၃၉ | ၆၀.၅ | ၉၂.၅ | ၃၄.၉ | ၁.၇ | ၂.၂ | ၀.၅ |
| ၄၀ - ၄၄ | ၆၁.၀ | ၉၂.၈ | ၃၅.၀ | ၁.၉ | ၂.၆ | ၀.၂ |
| ၄၅ - ၄၉ | ၅၉.၆ | ၉၂.၆ | ၃၄.၂ | ၀.၉ | ၁.၃ | ၀.၂ |
| ၅၀ - ၅၄ | ၅၄.၃ | ၈၉.၁ | ၃၀.၁ | ၀.၇ | ၀.၈ | ၀.၃ |
| ၅၅ - ၅၉ | ၄၉.၅ | ၈၂.၂ | ၂၅.၄ | ၀.၅ | ၀.၇ | - |
| ၆၀ - ၆၄ | ၃၇.၄ | ၆၃.၀ | ၁၆.၇ | - | - | - |
| ၆၅ - ၆၉ | ၂၅.၃ | ၄၇.၂ | ၁၀.၀ | - | - | - |
| ၇၀ - ၇၄ | ၁၆.၅ | ၂၉.၈ | ၇.၀ | - | - | - |
| ၇၅+ | ၈.၃ | ၁၆.၇ | ၂.၉ | ၂.၃ | ၂.၉ | - |
| ၁၅ နှစ်မှ ၂၄ နှစ် | ၅၄.၁ | ၆၅.၄ | ၄၃.၉ | ၈.၈ | ၉.၆ | ၇.၈ |
| ၁၅ နှစ်မှ ၆၄ နှစ် | ၅၇.၆ | ၈၁.၄ | ၃၈.၁ | ၄.၃ | ၄.၄ | ၄.၁ |




- ပန်းဘဲတန်းမြို့နယ်၏ အသက် (၁၅-၆၄) နှစ်အုပ်စုတွင် လုပ်သားအင်အားပါဝင်နှုန်းမှာ (၅၇.၆) ရာခိုင်နှုန်းရှိပါသည်။
- အမျိုးသမီး လုပ်သားအင်အားပါဝင်နှုန်းသည် (၃၈.၁) ရာခိုင်နှုန်းရှိပြီး အမျိုးသား လုပ်သားအင်အားပါဝင်နှုန်း (၈၁.၄) ရာခိုင်နှုန်းထက် သိသာစွာလျော့နည်းသည်ကို တွေ့ရှိရပါသည်။
- ပန်းဘဲတန်းမြို့နယ်၏ အသက် (၁၀-၁၄) နှစ်အုပ်စုတွင် အလုပ်လုပ်သောကလေး (၇.၆) ရာခိုင်နှုန်းရှိကြောင်းတွေ့ရှိရပါသည်။
- အသက် (၁၅-၆၄) နှစ်အုပ်စု၏ အလုပ်လက်မဲ့ရာခိုင်နှုန်းမှာ (၄.၃) ဖြစ်ပါသည်။ အလုပ်လက်မဲ့ရာခိုင်နှုန်းသည် ကျား (၄.၄) ရာခိုင်နှုန်းနှင့် မ (၄.၁) ရာခိုင်နှုန်းအသီးသီးရှိကြပြီး ကျား မ ကွာခြားမှု နည်းပါးသည်ကို တွေ့ရှိရပါသည်။
- အသက် (၁၅) နှစ်မှ (၂၄) နှစ်အတွင်း အမျိုးသမီးငယ်များ၏ အလုပ်လက်မဲ့နှုန်းမှာ (၇.၈) ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရပါသည်။

**ဇယား (၇) - အသက် (၁၀) နှစ်နှင့်အထက် လုပ်သားအင်အားစုတွင် မပါဝင်သောလူဦးရေကို အမျိုးအစားအလိုက် ကျား/မ ခွဲခြားဖော်ပြသောဇယား**


| ကျား/မ | လုပ်သားအင်အားစုတွင် မပါဝင်သူ | | | | | | |
|---|---|---|---|---|---|---|---|
| | စုစုပေါင်း | အလုပ်မရှာခဲ့ပါ | အချိန်ပြည့် ကျောင်းတက်သော ကျောင်းသား | အိမ်မှုကိစ္စလုပ် | အငြိမ်းစား၊ သက်ကြီးရွယ်အို | ဖျားနာသူ၊ မသန်စွမ်းသူ | အခြား |
| စုစုပေါင်း | ၁၄,၉၃၂ | ၀.၈ | ၂၆.၆ | ၄၈.၈ | ၁၅.၀ | ၁.၆ | ၇.၁ |
| ကျား | ၃,၉၁၆ | ၂.၀ | ၅၀.၈ | ၅.၈ | ၂၄.၅ | ၃.၁ | ၁၃.၈ |
| မ | ၁၁,၀၁၆ | ၀.၄ | ၁၈.၀ | ၆၄.၁ | ၁၁.၆ | ၁.၁ | ၄.၈ |

- အသက် (၁၀) နှစ်နှင့်အထက် လုပ်သားအင်အားစုတွင် မပါဝင်သူများ၌ အမျိုးသားများ၏ (၅၀.၈) ရာခိုင်နှုန်းသည် အချိန်ပြည့်ကျောင်းတက်နေသူများဖြစ်ကြပြီး အမျိုးသမီးများ၏ (၆၄.၁) ရာခိုင်နှုန်းသည် အိမ်မှုကိစ္စလုပ်ကိုင်နေသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

**ဇယား (၈) - အသက် (၁၅ - ၆၄) နှစ်အတွင်း အလုပ်ရှိသူဦးရေကို အလုပ်အကိုင်အမျိုးအစားနှင့် ကျား/မ အလိုက် ခွဲခြားဖော်ပြသောဇယား**

| အလုပ်အကိုင်အမျိုးအစား | အလုပ်ရှိသူဦးရေ | | | ရာခိုင်နှုန်း | | |
|---|---|---|---|---|---|---|
| | စုစုပေါင်း | ကျား | မ | စုစုပေါင်း | ကျား | မ |
| **စုစုပေါင်း** | **၁၁,၉၈၈** | **၇,၇၃၈** | **၄,၂၅၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** |
| မန်နေဂျာများ | ၂၉၉ | ၁၈၉ | ၁၁၀ | ၂.၅ | ၂.၄ | ၂.၆ |
| သက်မွေးဝမ်းကျောင်းပညာရှင်များ | ၈၀၈ | ၂၉၇ | ၅၁၁ | ၆.၇ | ၃.၈ | ၁၂.၀ |
| နည်းပညာနှင့် ဆက်စပ်သည့် သက်မွေးပညာရှင်များ | ၁,၁၇၃ | ၈၄၂ | ၃၃၁ | ၉.၈ | ၁၀.၉ | ၇.၈ |
| အထောက်အပံ့ပြုစာရေးလုပ်သားများ | ၈၁၁ | ၃၆၉ | ၄၄၂ | ၆.၈ | ၄.၈ | ၁၀.၄ |
| ဝန်ဆောင်မှုနှင့် အရောင်းလုပ်သားများ | ၅,၇၆၆ | ၃,၉၁၀ | ၁,၈၅၆ | ၄၈.၁ | ၅၀.၅ | ၄၃.၇ |
| လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်း ကျွမ်းကျင်လုပ်သားများ | ၂၃ | ၁၇ | ၆ | ၀.၂ | ၀.၂ | ၀.၁ |
| လက်မှုပညာနှင့်ဆက်စပ် လုပ်ငန်း အလုပ်သမားများ | ၁,၄၁၀ | ၁,၀၈၄ | ၃၂၆ | ၁၁.၈ | ၁၄.၀ | ၇.၇ |
| စက်ကိရိယာနှင့် စက်ပစ္စည်းကိုင်တွယ် အသုံးပြုသူများနှင့် စုစည်းတပ်ဆင်သူများ | ၅၃၉ | ၅၂၁ | ၁၈ | ၄.၅ | ၆.၇ | ၀.၄ |
| အခြေခံအလုပ်သမားများ | ၆၁၆ | ၂၄၂ | ၃၇၄ | ၅.၁ | ၃.၁ | ၈.၈ |
| အခြား | - | - | - | - | - | - |
| မသိ/မဖြေ | ၅၄၃ | ၂၆၇ | ၂၇၆ | ၄.၅ | ၃.၅ | ၆.၅ |

**ပုံ (၁၀) - ပြည်ထောင်စု၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပန်းဘဲတန်းမြို့နယ်တို့၏ အသက် (၁၅ - ၆၄) နှစ်အတွင်းရှိ ကျား/မ အလိုက် အလုပ်အကိုင်အမျိုးအစား**





- ပန်းဘဲတန်းမြို့နယ်တွင် အသက် (၁၅-၆၄) အုပ်စုရှိ အလုပ်ရှိသူ (၄၈.၁) ရာခိုင်နှုန်းမှာ ဝန်ဆောင်မှုနှင့် အရောင်းလုပ်သားများဖြစ်ကြပြီး ဒုတိယအများဆုံးမှာ လက်မှုပညာနှင့် ဆက်စပ်လုပ်ငန်း အလုပ်သမားများ (၁၁.၈) ရာခိုင်နှုန်းဖြစ်ပါသည်။
- ကျား နှင့် မ နှိုင်းယှဥ်ရာတွင် ကျား ဦးရေ (၅၀.၅) ရာခိုင်နှုန်း နှင့် မ ဦးရေ (၄၃.၇) ရာခိုင်နှုန်းတို့သည် ဝန်ဆောင်မှုနှင့် အရောင်းလုပ်သားများဖြစ်သည်ကို တွေ့ရှိရပါသည်။
- ရန်ကုန်တိုင်းဒေသကြီးတွင် ဝန်ဆောင်မှုနှင့် အရောင်းလုပ်သားများမှာ (၂၃.၇) ရာခိုင်နှုန်းဖြစ်ပြီး လက်မှုပညာနှင့် ဆက်စပ်လုပ်ငန်း အလုပ်သမားများမှာ (၂၂.၉) ရာခိုင်နှုန်းဖြစ်ပါသည်။

# ဇယား (၉) - အသက် (၁၅ - ၆၄) နှစ်အတွင်း အလုပ်ရှိသူဦးရေကို လုပ်ကိုင်သော လုပ်ငန်းအမျိုးအစားနှင့် ကျား/မ အလိုက် ခွဲခြားဖော်ပြသောဇယား

| လုပ်ငန်းအမျိုးအစား | အလုပ်ရှိသူဦးရေ | | | ရာခိုင်နှုန်း | | |
|---|---|---|---|---|---|---|
| | စုစုပေါင်း | ကျား | မ | စုစုပေါင်း | ကျား | မ |
| စုစုပေါင်း | ၁၁,၉၈၈ | ၇,၇၃၈ | ၄,၂၅၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ |
| လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်း | ၃၀ | ၂၁ | ၉ | ၀.၃ | ၀.၃ | ၀.၂ |
| သတ္တုတူးဖော်ရေးနှင့် ကျောက်မိုင်းလုပ်ငန်း | ၁၂ | ၈ | ၄ | ၀.၁ | ၀.၁ | ၀.၁ |
| ကုန်ထုတ်လုပ်မှုလုပ်ငန်း | ၆၂၁ | ၃၅၄ | ၂၆၇ | ၅.၂ | ၄.၆ | ၆.၃ |
| လျှပ်စစ်၊ ဓါတ်ငွေ့၊ ရေနွေးငွေ့နှင့် လေအေးဖြန့်ဖြူးမှုလုပ်ငန်း | ၁၁၀ | ၁၀၁ | ၉ | ၀.၉ | ၁.၃ | ၀.၂ |
| ရေပေးဝေရေး၊ မိလ္လာနှင့် အမှိုက်သိမ်းဆည်းရေး စီမံခန့်ခွဲမှုလုပ်ငန်း | ၁၃ | ၁၃ | - | ၀.၁ | ၀.၂ | - |
| ဆောက်လုပ်ရေးလုပ်ငန်း | ၁၈၄ | ၁၄၆ | ၃၈ | ၁.၅ | ၁.၉ | ၀.၉ |
| လက်လီနှင့် လက္ကားရောင်းဝယ်ရေး (မော်တော်ကားနှင့် မော်တော်ဆိုင်ကယ် ပြုပြင်ခြင်းလုပ်ငန်းအပါအဝင်) | ၄,၉၂၇ | ၃,၅၅၃ | ၁,၃၇၄ | ၄၁.၁ | ၄၅.၉ | ၃၂.၃ |
| သယ်ယူပို့ဆောင်ရေးနှင့် ကုန်ပစ္စည်းသိုလှောင်ရေးလုပ်ငန်းများ | ၅၆၆ | ၅၃၁ | ၃၅ | ၄.၇ | ၆.၉ | ၀.၈ |
| တည်းခိုရေးနှင့် အစားအသောက်ဝန်ဆောင်မှုလုပ်ငန်းများ | ၁,၃၈၂ | ၉၀၆ | ၄၇၆ | ၁၁.၅ | ၁၁.၇ | ၁၁.၂ |
| သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးလုပ်ငန်းများ | ၃၆၁ | ၂၃၉ | ၁၂၂ | ၃.၀ | ၃.၁ | ၂.၉ |
| ငွေရေးကြေးရေးနှင့် အာမခံလုပ်ငန်းများ | ၇၈ | ၂၈ | ၅၀ | ၀.၇ | ၀.၄ | ၁.၂ |
| အိမ်ခြံမြေဆိုင်ရာလုပ်ငန်းများ | ၉၀ | ၇၂ | ၁၈ | ၀.၈ | ၀.၉ | ၀.၄ |
| အသက်မွေးဝမ်းကျောင်းပညာ၊ သိပ္ပံပညာနှင့် စက်မှုလက်မှုပညာဆိုင်ရာလုပ်ငန်းများ | ၇၃ | ၄၃ | ၃၀ | ၀.၆ | ၀.၆ | ၀.၇ |
| စီမံအုပ်ချုပ်ရေးနှင့် ထောက်ကူမှုဆိုင်ရာလုပ်ငန်းများ | ၆၁၇ | ၃၁၉ | ၂၉၈ | ၅.၁ | ၄.၁ | ၇.၀ |
| ပြည်သူ့အုပ်ချုပ်ရေး (ပြည်သူ့ဝန်ထမ်းများအပါအဝင်) | ၂၈၂ | ၁၄၄ | ၁၃၈ | ၂.၄ | ၁.၉ | ၃.၂ |
| ပညာရေးဆိုင်ရာလုပ်ငန်းများ | ၃၅၂ | ၆၇ | ၂၈၅ | ၂.၉ | ၀.၉ | ၆.၇ |
| ကျန်းမာရေးနှင့် လူမှုရေးလုပ်ငန်းများ | ၃၈၇ | ၁၅၀ | ၂၃၇ | ၃.၂ | ၁.၉ | ၅.၆ |
| ပန်းချီ၊ အနုပညာ၊ ဖျော်ဖြေရေးနှင့် အပန်းဖြေရေးလုပ်ငန်းများ | ၁၈၃ | ၇၆ | ၁၀၇ | ၁.၅ | ၁.၀ | ၂.၅ |
| အခြားဝန်ဆောင်မှုလုပ်ငန်းများ | ၂၅၇ | ၁၁၉ | ၁၃၈ | ၂.၁ | ၁.၅ | ၃.၂ |
| ကိုယ်တိုင်လုပ်ကိုင်သည့် အိမ်ထောင်စုများ၏လုပ်ငန်းများ၊ ခွဲခြားဖော်ပြနိုင်ခြင်း မရှိသည့် အိမ်ထောင်စုများ၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ | ၂၆၀ | ၂၀ | ၂၄၀ | ၂.၂ | ၀.၃ | ၅.၆ |
| သံတမန်အခွင့်အရေးရအဖွဲ့အစည်းများ၏လုပ်ငန်းများ | ၄ | ၂ | ၂ | * | * | * |
| အလုပ်အကိုင်အမျိုးအစားဖော်ပြထားခြင်းမရှိသောလုပ်ငန်းများ | ၁,၁၉၉ | ၈၂၆ | ၃၇၃ | ၁၀.၀ | ၁၀.၇ | ၈.၈ |

မှတ်ချက်။ * ၀.၁ ရာခိုင်နှုန်းထက်နည်းပါသည်။

ပုံ (၁၁) - ပြည်ထောင်စု၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပန်းဘဲတန်းမြို့နယ်တို့၏
အသက် (၁၅ - ၆၄) နှစ်အတွင်းရှိ ကျား/မ အလိုက် လုပ်ကိုင်သော လုပ်ငန်းအမျိုးအစား





- ပန်းဘဲတန်းမြို့နယ်၌ လက်လီနှင့် လက္ကားရောင်းဝယ်ရေး (မော်တော်ကားနှင့် မော်တော်ဆိုင်ကယ် ပြုပြင်ခြင်းလုပ်ငန်းအပါအဝင်) လုပ်ငန်းတွင် အများဆုံးလုပ်ကိုင်ကြပြီး (၄၁.၁) ရာခိုင်နှုန်း ရှိပါသည်။
- တည်းခိုရေးနှင့် အစားအသောက်ဝန်ဆောင်မှုလုပ်ငန်းများတွင် ဒုတိယအများဆုံးလုပ်ကိုင်ကြပြီး (၁၁.၅) ရာခိုင်နှုန်းရှိပါသည်။
- လက်လီနှင့် လက္ကားရောင်းဝယ်ရေး (မော်တော်ကားနှင့် မော်တော်ဆိုင်ကယ် ပြုပြင်ခြင်းလုပ်ငန်း အပါအဝင်) လုပ်ငန်းတွင် လုပ်ကိုင်နေသူ အမျိုးသား (၄၅.၉) ရာခိုင်နှုန်းနှင့် အမျိုးသမီး (၃၂.၃) ရာခိုင်နှုန်းရှိပါသည်။
- ရန်ကုန်တိုင်းဒေသကြီး၌ လက်လီနှင့် လက္ကားရောင်းဝယ်ရေး (မော်တော်ကားနှင့် မော်တော် ဆိုင်ကယ်ပြုပြင်ခြင်းလုပ်ငန်းအပါအဝင်) လုပ်ငန်းတွင် လုပ်ကိုင်နေသူမှာ (၁၅.၈) ရာခိုင်နှုန်းရှိပြီး တည်းခိုရေးနှင့် အစားအသောက်ဝန်ဆောင်မှုလုပ်ငန်းများတွင် လုပ်ကိုင်နေသူမှာ (၉.၃) ရာခိုင်နှုန်း ရှိပါသည်။

## (ဂ) ကိုင်ဆောင်သည့်လက်မှတ်အမျိုးအစားများ

**ဇယား (၁၀) - အသက် (၁၀) နှစ်နှင့်အထက် လူဦးရေကိုကိုင်ဆောင်သည့်လက်မှတ်အမျိုးအစား အလိုက် မြို့ပြ/ကျေးလက်နှင့် ကျား/မ ခွဲခြားဖော်ပြသောဇယား**

| | နိုင်ငံသား စိစစ်ရေးကတ် | ဧည့်နိုင်ငံသား ကတ် | နိုင်ငံသား ပြုခွင့် ရသူကတ် | အမျိုးသား မှတ်ပုံတင် ကတ် | သာသနာ၀င် ကတ် | ယာယီ သက်သေခံ ကတ် | နိုင်ငံခြားသား မှတ်ပုံတင် လက်မှတ် | နိုင်ငံခြားသား နိုင်ငံကူး လက်မှတ် | မည်သည့်ကတ် မှမကိုင် ဆောင်သူ |
|---|---|---|---|---|---|---|---|---|---|
| စုစုပေါင်း | ၂၃,၅၈၇ | ၆၆၃ | ၈၂၇ | ၈၇၁ | ၆၅ | ၁၆၀ | ၂၆၃ | ၃၀၃ | ၃,၀၀၉ |
| မြို့ပြ | ၂၃,၅၈၇ | ၆၆၃ | ၈၂၇ | ၈၇၁ | ၆၅ | ၁၆၀ | ၂၆၃ | ၃၀၃ | ၃,၀၀၉ |
| ကျေးလက် | - | - | - | - | - | - | - | - | - |
| ကျား | ၁၀,၄၅၆ | ၃၂၆ | ၄၁၃ | ၃၆၀ | ၆၅ | ၇၃ | ၁၁၂ | ၁၆၀ | ၁,၄၃၆ |
| မ | ၁၃,၁၃၁ | ၃၃၇ | ၄၁၄ | ၅၁၁ | - | ၈၇ | ၁၅၁ | ၁၄၃ | ၁,၅၇၃ |




- ပန်းဘဲတန်းမြို့နယ်တွင် အသက် (၁၀) နှစ်နှင့်အထက် လူဦးရေ၏ (၇၉.၃) ရာခိုင်နှုန်းသည် နိုင်ငံသားစိစစ်ရေးကတ် ကိုင်ဆောင်သူများဖြစ်ပြီး (၁၀.၁) ရာခိုင်နှုန်းသည် မည်သည့်ကတ်မှ မကိုင်ဆောင်သူများ ဖြစ်ပါသည်။
- ကျား နှင့် မ နှိုင်းယှဉ်ရာတွင် ကျား ဦးရေ (၁၀.၇) ရာခိုင်နှုန်းနှင့် မ ဦးရေ (၉.၆) ရာခိုင်နှုန်းတို့သည် မည်သည့်ကတ်မှ မကိုင်ဆောင်သူများဖြစ်သည်ကို တွေ့ရှိရပါသည်။

## (စ) မသန်စွမ်းမှုအကြောင်းအရာ

### ဇယား (၁၁) - မသန်စွမ်းရာခိုင်နှုန်းနှင့် မသန်စွမ်းမှုအမျိုးအစားအလိုက် လူဦးရေကို အသက်အုပ်စုအလိုက် ကျား/မ ခွဲခြားဖော်ပြသောဇယား

| အသက်အုပ်စု | လူဦးရေစုစုပေါင်း | | | | မသန်စွမ်းမှုအမျိုးအစား | | | |
|---|---|---|---|---|---|---|---|---|
| | စုစုပေါင်း | သန်စွမ်းသူ ဦးရေ | မသန်စွမ်းသူ ဦးရေ (မည်သည့် မသန်စွမ်းမှု အမျိုးအစားမဆို) | မသန်စွမ်းမှု ရာခိုင်နှုန်း | အမြင် | အကြား | လမ်းလျှောက်/ အမြင့်တက်/ ပစ္စည်းကိုင်တွယ် | သင်ယူလေ့လာခြင်း/ မှတ်ဉာဏ်/အာရုံ စူးစိုက်ခြင်း |
| စုစုပေါင်း | ၃၃,၃၃၆ | ၃၂,၀၈၈ | ၁,၂၄၈ | ၃.၇ | ၄၀၇ | ၃၃၁ | ၇၄၂ | ၅၂၀ |
| ၀ - ၄ | ၁,၆၇၉ | ၁,၆၆၉ | ၁၀ | ၀.၆ | ၁ | ၂ | ၄ | ၆ |
| ၅ - ၉ | ၁,၉၀၉ | ၁,၉၀၄ | ၅ | ၀.၃ | ၁ | ၁ | ၃ | ၅ |
| ၁၀ - ၁၄ | ၂,၃၅၇ | ၂,၃၃၈ | ၁၉ | ၀.၈ | ၇ | ၂ | ၈ | ၁၁ |
| ၁၅ - ၁၉ | ၃,၃၃၅ | ၃,၃၁၃ | ၂၂ | ၀.၇ | ၇ | ၃ | ၃ | ၁၁ |
| ၂၀ - ၂၄ | ၃,၇၆၄ | ၃,၇၄၆ | ၁၈ | ၀.၅ | ၄ | ၄ | ၄ | ၁၁ |
| ၂၅ - ၂၉ | ၃,၀၂၈ | ၃,၀၀၉ | ၁၉ | ၀.၆ | ၃ | ၄ | ၅ | ၁၁ |
| ၃၀ - ၃၄ | ၂,၆၂၇ | ၂,၅၉၅ | ၃၂ | ၁.၂ | ၁၄ | ၃ | ၁၁ | ၁၅ |
| ၃၅ - ၃၉ | ၂,၂၉၄ | ၂,၂၆၉ | ၂၅ | ၁.၁ | ၄ | ၃ | ၇ | ၁၃ |
| ၄၀ - ၄၄ | ၂,၂၇၂ | ၂,၂၂၆ | ၄၆ | ၂.၀ | ၁၂ | ၈ | ၁၆ | ၁၉ |
| ၄၅ - ၄၉ | ၂,၁၅၂ | ၂,၁၀၀ | ၅၂ | ၂.၄ | ၁၅ | ၁၂ | ၂၅ | ၁၈ |
| ၅၀ - ၅၄ | ၁,၉၈၀ | ၁,၉၁၁ | ၆၉ | ၃.၅ | ၂၀ | ၂၀ | ၃၃ | ၂၄ |
| ၅၅ - ၅၉ | ၁,၇၃၅ | ၁,၆၄၃ | ၉၂ | ၅.၃ | ၂၃ | ၁၉ | ၅၅ | ၃၅ |
| ၆၀ - ၆၄ | ၁,၃၉၀ | ၁,၂၇၂ | ၁၁၈ | ၈.၅ | ၃၈ | ၂၆ | ၇၃ | ၄၈ |
| ၆၅ - ၆၉ | ၁,၀၅၅ | ၈၉၄ | ၁၆၁ | ၁၅.၃ | ၄၆ | ၃၄ | ၉၄ | ၆၀ |
| ၇၀ - ၇၄ | ၇၀၅ | ၅၄၀ | ၁၆၅ | ၂၃.၄ | ၅၆ | ၄၅ | ၁၁၉ | ၆၀ |
| ၇၅ - ၇၉ | ၄၉၈ | ၃၄၄ | ၁၅၄ | ၃၀.၉ | ၆၂ | ၅၀ | ၁၀၀ | ၆၉ |
| ၈၀ - ၈၄ | ၂၉၈ | ၁၈၉ | ၁၀၉ | ၃၆.၆ | ၄၀ | ၃၉ | ၇၈ | ၄၀ |
| ၈၅ - ၈၉ | ၁၆၂ | ၇၉ | ၈၃ | ၅၁.၂ | ၃၃ | ၃၃ | ၆၇ | ၃၈ |
| ၉၀ + | ၉၆ | ၄၇ | ၄၉ | ၅၁.၀ | ၂၀ | ၂၃ | ၃၇ | ၂၆ |

## ဇယား (၁၁)- မသန်စွမ်းရာခိုင်နှုန်းနှင့် မသန်စွမ်းမှုအမျိုးအစားအလိုက် လူဦးရေကို အသက်အုပ်စု အလိုက် ကျား/မ ခွဲခြားဖော်ပြသောဇယား (အဆက်)

| အသက်အုပ်စု | လူဦးရေစုစုပေါင်း | | | | မသန်စွမ်းမှုအမျိုးအစား | | | |
|---|---|---|---|---|---|---|---|---|
| | စုစုပေါင်း | သန်စွမ်းသူ ဦးရေ | မသန်စွမ်းသူ ဦးရေ (မည်သည့် မသန်စွမ်းမှု အမျိုးအစားမဆို) | မသန်စွမ်းမှု ရာခိုင်နှုန်း | အမြင် | အကြား | လမ်းလျှောက်/ အမြင့်တက်/ ပစ္စည်းကိုင်တွယ် | သင်ယူလေ့လာခြင်း/ မှတ်ဉာဏ်/အာရုံ စူးစိုက်ခြင်း |
| ကျား | ၁၅,၁၇၁ | ၁၄,၆၉၄ | ၄၇၇ | ၃.၁ | ၁၅၈ | ၁၂၄ | ၂၅၂ | ၂၀၅ |
| ၀ - ၄ | ၈၁၉ | ၈၁၆ | ၃ | ၀.၄ | - | - | ၂ | ၂ |
| ၅ - ၉ | ၉၅၁ | ၉၄၈ | ၃ | ၀.၃ | ၁ | ၁ | ၂ | ၃ |
| ၁၀ - ၁၄ | ၁,၁၇၇ | ၁,၁၆၃ | ၁၄ | ၁.၂ | ၅ | - | ၆ | ၇ |
| ၁၅ - ၁၉ | ၁,၆၇၇ | ၁,၆၆၃ | ၁၄ | ၀.၈ | ၅ | ၁ | ၁ | ၈ |
| ၂၀ - ၂၄ | ၁,၇၀၀ | ၁,၆၈၉ | ၁၁ | ၀.၆ | ၂ | ၄ | ၄ | ၆ |
| ၂၅ - ၂၉ | ၁,၃၇၈ | ၁,၃၆၈ | ၁၀ | ၀.၇ | ၁ | ၂ | ၄ | ၆ |
| ၃၀ - ၃၄ | ၁,၁၈၅ | ၁,၁၆၈ | ၁၇ | ၁.၄ | ၁၀ | - | ၃ | ၇ |
| ၃၅ - ၃၉ | ၁,၀၂၁ | ၁,၀၀၇ | ၁၄ | ၁.၄ | ၁ | ၃ | ၃ | ၈ |
| ၄၀ - ၄၄ | ၁,၀၂၁ | ၉၉၃ | ၂၈ | ၂.၇ | ၈ | ၄ | ၇ | ၁၁ |
| ၄၅ - ၄၉ | ၉၃၇ | ၉၁၅ | ၂၂ | ၂.၃ | ၁၀ | ၄ | ၁၂ | ၈ |
| ၅၀ - ၅၄ | ၈၁၃ | ၇၉၁ | ၂၂ | ၂.၇ | ၈ | ၆ | ၁၁ | ၁၀ |
| ၅၅ - ၅၉ | ၇၃၆ | ၆၉၇ | ၃၉ | ၅.၃ | ၉ | ၉ | ၂၅ | ၁၇ |
| ၆၀ - ၆၄ | ၆၂၂ | ၅၇၁ | ၅၁ | ၈.၂ | ၁၅ | ၉ | ၃၁ | ၂၄ |
| ၆၅ - ၆၉ | ၄၃၄ | ၃၈၇ | ၄၇ | ၁၀.၈ | ၁၄ | ၁၃ | ၂၃ | ၁၆ |
| ၇၀ - ၇၄ | ၂၉၂ | ၂၃၅ | ၅၇ | ၁၉.၅ | ၂၁ | ၁၆ | ၃၇ | ၂၀ |
| ၇၅ - ၇၉ | ၁၉၃ | ၁၄၀ | ၅၃ | ၂၇.၅ | ၂၀ | ၂၄ | ၂၆ | ၂၃ |
| ၈၀ - ၈၄ | ၁၂၇ | ၉၁ | ၃၆ | ၂၈.၃ | ၉ | ၁၁ | ၂၄ | ၁၁ |
| ၈၅ - ၈၉ | ၅၄ | ၃၃ | ၂၁ | ၃၈.၉ | ၁၃ | ၁၀ | ၁၈ | ၁၀ |
| ၉၀ + | ၃၄ | ၁၉ | ၁၅ | ၄၄.၁ | ၆ | ၇ | ၁၃ | ၈ |

ဇယား (၁၁)   - မသန်စွမ်းရာခိုင်နှုန်းနှင့် မသန်စွမ်းမှုအမျိုးအစားအလိုက် လူဦးရေကို အသက်အုပ်စုအလိုက် ကျား/မ ခွဲခြားဖော်ပြသောဇယား (အဆက်)

| အသက်အုပ်စု | လူဦးရေစုစုပေါင်း | | | | မသန်စွမ်းမှုအမျိုးအစား | | | |
|---|---|---|---|---|---|---|---|---|
| | စုစုပေါင်း | သန်စွမ်းသူ ဦးရေ | မသန်စွမ်းသူ ဦးရေ (မည်သည့် မသန်စွမ်းမှု အမျိုးအစားမဆို) | မသန်စွမ်းမှု ရာခိုင်နှုန်း | အမြင် | အကြား | လမ်းလျှောက်/ အမြင့်တက်/ ပစ္စည်းကိုင်တွယ် | သင်ယူလေ့လာခြင်း/ မှတ်ဉာဏ်/အာရုံ စူးစိုက်ခြင်း |
| မ | ၁၈,၁၆၅ | ၁၇,၃၉၄ | ၇၇၁ | ၄.၂ | ၂၄၉ | ၂၀၇ | ၄၉၀ | ၃၁၅ |
| ၀ - ၄ | ၈၆၀ | ၈၅၃ | ၇ | ၀.၈ | ၁ | ၂ | ၂ | ၄ |
| ၅ - ၉ | ၉၅၈ | ၉၅၆ | ၂ | ၀.၂ | - | - | ၁ | ၂ |
| ၁၀ - ၁၄ | ၁,၁၈၀ | ၁,၁၇၅ | ၅ | ၀.၄ | ၂ | ၂ | ၂ | ၄ |
| ၁၅ - ၁၉ | ၁,၆၅၈ | ၁,၆၅၀ | ၈ | ၀.၅ | ၂ | ၂ | ၂ | ၃ |
| ၂၀ - ၂၄ | ၂,၀၆၄ | ၂,၀၅၇ | ၇ | ၀.၃ | ၂ | - | - | ၅ |
| ၂၅ - ၂၉ | ၁,၆၅၀ | ၁,၆၄၁ | ၉ | ၀.၅ | ၂ | ၂ | ၁ | ၅ |
| ၃၀ - ၃၄ | ၁,၄၄၂ | ၁,၄၂၇ | ၁၅ | ၁.၀ | ၄ | ၃ | ၈ | ၈ |
| ၃၅ - ၃၉ | ၁,၂၇၃ | ၁,၂၆၂ | ၁၁ | ၀.၉ | ၃ | - | ၄ | ၅ |
| ၄၀ - ၄၄ | ၁,၂၅၁ | ၁,၂၃၃ | ၁၈ | ၁.၄ | ၄ | ၄ | ၉ | ၈ |
| ၄၅ - ၄၉ | ၁,၂၁၅ | ၁,၁၈၅ | ၃၀ | ၂.၅ | ၅ | ၈ | ၁၃ | ၁၀ |
| ၅၀ - ၅၄ | ၁,၁၆၇ | ၁,၁၂၀ | ၄၇ | ၄.၀ | ၁၂ | ၁၄ | ၂၂ | ၁၄ |
| ၅၅ - ၅၉ | ၉၉၉ | ၉၄၆ | ၅၃ | ၅.၃ | ၁၄ | ၁၀ | ၃၀ | ၁၈ |
| ၆၀ - ၆၄ | ၇၆၈ | ၇၀၁ | ၆၇ | ၈.၇ | ၂၃ | ၁၇ | ၄၂ | ၂၄ |
| ၆၅ - ၆၉ | ၆၂၁ | ၅၀၇ | ၁၁၄ | ၁၈.၄ | ၃၂ | ၂၁ | ၇၁ | ၄၄ |
| ၇၀ - ၇၄ | ၄၁၃ | ၃၀၅ | ၁၀၈ | ၂၆.၂ | ၃၅ | ၂၉ | ၈၂ | ၄၀ |
| ၇၅ - ၇၉ | ၃၀၅ | ၂၀၄ | ၁၀၁ | ၃၃.၁ | ၄၂ | ၂၆ | ၇၄ | ၄၆ |
| ၈၀ - ၈၄ | ၁၇၁ | ၉၈ | ၇၃ | ၄၂.၇ | ၃၁ | ၂၈ | ၅၄ | ၂၉ |
| ၈၅ - ၈၉ | ၁၀၈ | ၄၆ | ၆၂ | ၅၇.၄ | ၂၀ | ၂၃ | ၄၉ | ၂၈ |
| ၉၀ + | ၆၂ | ၂၈ | ၃၄ | ၅၄.၈ | ၁၅ | ၁၆ | ၂၄ | ၁၈ |

- ပန်းဘဲတန်းမြို့နယ်တွင် လူဦးရေ (၁၀၀) လျှင် (၄) ဦးခန့်သည် အနည်းဆုံးမသန်စွမ်းမှု တစ်မျိုးမျိုး ရှိကြောင်း တွေ့ရှိရပါသည်။
- အမျိုးသမီးများ၏ မသန်စွမ်းမှုရာခိုင်နှုန်းသည် အမျိုးသားများထက် အနည်းငယ်ပိုမြင့်ပါသည်။
- မသန်စွမ်းမှုရာခိုင်နှုန်းသည် အသက်အရွယ်ကြီးလာသည်နှင့်အမျှ မြင့်တက်လာပြီး အသက် (၆၅) နှစ်ကျော်တွင် ပိုမိုသိသာစွာမြင့်တက်လာသည်ကို တွေ့ရှိရပါသည်။
- မသန်စွမ်းမှုအမျိုးအစားများတွင် လမ်းလျှောက်/အမြင့်တက်/ပစ္စည်းကိုင်တွယ်ခြင်းနှင့် သင်ယူလေ့လာခြင်း/မှတ်ဉာဏ်/အာရုံစူးစိုက်ခြင်းတို့သည် အများဆုံးဖြစ်ပါသည်။


## (ဆ) အိမ်အကြောင်းအရာနှင့် အိမ်အသုံးအဆောင်ပစ္စည်းများ

### နေအိမ်အမျိုးအစားများ

### ဇယား (၁၂) - နေအိမ်အမျိုးအစားအလိုက် အိမ်ထောင်စုရာခိုင်နှုန်းကို မြို့ပြ/ကျေးလက်ခွဲခြား ဖော်ပြသော ဇယား

| မြို့ပြ/ကျေးလက် | အိမ်ထောင်စု အရေအတွက် | ကွန်ဒို/တိုက်ခန်း/ တိုက်ခန်းတွဲ | ဘန်ဂလို/ တိုက်အိမ် | တိုက်ခံအိမ် | ပျဉ်ထောင်အိမ်/ သစ်သားအိမ် | ဝါးအိမ် | ၂-၃ နှစ်ခံ တဲအိမ် | ၁ နှစ်ခံ တဲအိမ် | အခြား |
|---|---|---|---|---|---|---|---|---|---|
| စုစုပေါင်း | ၆,၅၆၃ | ၈၉.၁ | ၇.၁ | ၃.၅ | ၀.၂ | - | * | * | ၀.၁ |
| မြို့ပြ | ၆,၅၆၃ | ၈၉.၁ | ၇.၁ | ၃.၅ | ၀.၂ | - | * | * | ၀.၁ |
| ကျေးလက် | - | - | - | - | - | - | - | - | - |

မှတ်ချက်။ * ၀.၁ ရာခိုင်နှုန်းထက်နည်းပါသည်။





- ပန်းဘဲတန်းမြို့နယ်တွင် နေအိမ်အများစုမှာ ကွန်ဒို/တိုက်ခန်း/တိုက်ခန်းတွဲ အမျိုးအစားများဖြစ်ကြပြီး (၈၉.၁) ရာခိုင်နှုန်းရှိပါသည်။ ဒုတိယအများဆုံး နေအိမ်အမျိုးအစားမှာ ဘန်ဂလို/ တိုက်အိမ်များဖြစ်ပြီး (၇.၁) ရာခိုင်နှုန်းရှိပါသည်။

မှတ်ချက်။ * ၀.၁ ရာခိုင်နှုန်းထက်နည်းပါသည်။

## အိမ်သာအမျိုးအစားများ

ပုံ (၁၄) - သန့်ရှင်းသော ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲသည့် အိမ်ထောင်စုအချိုး




| | |
|---|---|
| ပြည်ထောင်စု | - ၇၄.၃% |
| ရန်ကုန်တိုင်းဒေသကြီး | - ၉၁.၁% |
| အနောက်ပိုင်းခရိုင် | - ၉၆.၂% |
| ပန်းဘဲတန်းမြို့နယ် | - ၉၉.၈% |


**ဇယား (၁၃) - အသုံးပြုသည့်အိမ်သာအမျိုးအစားအလိုက် အိမ်ထောင်စုရာခိုင်နှုန်းကို မြို့ပြ/ကျေးလက် ခွဲခြားဖော်ပြသောဇယား**

| အိမ်သာအမျိုးအစား | | စုစုပေါင်း | မြို့ပြ | ကျေးလက် |
|---|---|---|---|---|
| ရေဆွဲအိမ်သာ | | ၂၈.၂ | ၂၈.၂ | - |
| ရေလောင်း/ ယင်လုံအိမ်သာ | | ၇၁.၆ | ၇၁.၆ | - |
| *သန့်ရှင်းသောယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲမှုရာခိုင်နှုန်း* | | *၉၉.၈* | *၉၉.၈* | - |
| တွင်း/ဇလား အိမ်သာ | | ၀.၁ | ၀.၁ | - |
| တွင်းမရှိ အိမ်သာ | | - | - | - |
| အခြား | | - | - | - |
| အိမ်သာမရှိ | | ၀.၁ | ၀.၁ | - |
| **စုစုပေါင်း** | **ရာခိုင်နှုန်း** | **၁၀၀.၀** | **၁၀၀.၀** | - |
| | **အရေအတွက်** | **၆,၅၆၃** | **၆,၅၆၃** | - |

- ပန်းဘဲတန်းမြို့နယ်တွင် အိမ်ထောင်စုများ၏ (၉၉.၈) ရာခိုင်နှုန်းသည် သန့်ရှင်းသော ယင်လုံအိမ်သာဆောက်လုပ်သုံးစွဲကြပါသည်။ (ရေဆွဲအိမ်သာ (၂၈.၂) ရာခိုင်နှုန်းနှင့် ရေလောင်း/ ယင်လုံအိမ်သာ (၇၁.၆) ရာခိုင်နှုန်းတို့ဖြစ်ကြပါသည်။)
- ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြားမြို့နယ်များနှင့် နှိုင်းယှဥ်ရာ ပန်းဘဲတန်းမြို့နယ်သည် သန့်ရှင်းသော ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲသည့် အိမ်ထောင်စုအချိုးသည် မြင့်သည်ကို တွေ့ရပါသည်။
- ရန်ကုန်တိုင်းဒေသကြီးတွင် သန့်ရှင်းသော ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲသည့် အိမ်ထောင်စုအချိုးမှာ (၉၁.၁) ရာခိုင်နှုန်းရှိပြီး မြန်မာနိုင်ငံတွင် (၇၄.၃) ရာခိုင်နှုန်းရှိပါသည်။
- ပန်းဘဲတန်းမြို့နယ်တွင် အိမ်သာမရှိသည့် အိမ်ထောင်စု (၀.၁) ရာခိုင်နှုန်းရှိပြီး ရန်ကုန်တိုင်းဒေသကြီးတွင် (၃.၃) ရာခိုင်နှုန်းရှိပါသည်။

## သောက်ရေအမျိုးအစားများ

**ပုံ (၁၅) - သန့်ရှင်းသော သောက်ရေရရှိသည့် အိမ်ထောင်စုအချိုး**




**ညွှန်ပြချက်**

သန့်ရှင်းသောသောက်သုံးရေရရှိသော အိမ်ထောင်စုအချိုး (%)

- ၀ - ၃၄
- ၃၅ - ၆၇
- ၆၈ - ၁၀၀
- မြို့နယ် နယ်နိမိတ်

| | |
|---|---|
| ပြည်ထောင်စု | - ၆၉.၅% |
| ရန်ကုန်တိုင်းဒေသကြီး | - ၇၇.၃% |
| အနောက်ပိုင်းခရိုင် | - ၉၅.၇% |
| ပန်းဘဲတန်းမြို့နယ် | - ၉၉.၆% |

## ဇယား (၁၄) - သောက်ရေအတွက် အဓိကအသုံးပြုသည့် ရေအမျိုးအစားအလိုက် အိမ်ထောင်စု ရာခိုင်နှုန်းကို မြို့ပြ/ကျေးလက် ခွဲခြားဖော်ပြသောဇယား


| သောက်ရေအမျိုးအစား | | စုစုပေါင်း | မြို့ပြ | ကျေးလက် |
|---|---|---|---|---|
| ရေပိုက်လိုင်း | | ၃၂.၅ | ၃၂.၅ | - |
| အဝီစိတွင်း | | ၁.၉ | ၁.၉ | - |
| ရေတွင်း (အုတ်စီ) | | - | - | - |
| ရေသန့်စက်/ရေသန့်ဘူး | | ၆၅.၂ | ၆၅.၂ | - |
| *စုစုပေါင်းရေကောင်းရေသန့်ရရှိမှုရာခိုင်နှုန်း* | | *၉၉.၆* | *၉၉.၆* | - |
| ရေတွင်း (အကာရံမဲ့) | | - | - | - |
| ရေကန် | | - | - | - |
| မြစ်/ချောင်း/တူးမြောင်း | | - | - | - |
| တောင်ကျရေ/မိုးရေ | | * | * | - |
| အခြား | | ၀.၄ | ၀.၄ | - |
| *စုစုပေါင်းရေကောင်းရေသန့် မရရှိမှုရာခိုင်နှုန်း* | | *၀.၄* | *၀.၄* | - |
| စုစုပေါင်း | ရာခိုင်နှုန်း | ၁၀၀.၀ | ၁၀၀.၀ | - |
| | အရေအတွက် | ၆,၅၆၃ | ၆,၅၆၃ | - |

- ပန်းဘဲတန်းမြို့နယ်တွင် အိမ်ထောင်စုများ၏ (၉၉.၆) ရာခိုင်နှုန်းသည် သောက်ရေအတွက် ရေကောင်းရေသန့် (ရေပိုက်လိုင်း၊ အဝီစိတွင်း၊ ရေတွင်း (အုတ်စီ)၊ ရေသန့်စက်/ရေသန့်ဘူး) ကို အသုံးပြုကြပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြားမြို့နယ်များနှင့် နှိုင်းယှဉ်ရာတွင် ပန်းဘဲတန်းမြို့နယ်၏ ရေကောင်းရေသန့်အသုံးပြုသည့် အိမ်ထောင်စုအချိုးသည် မြင့်ပါသည်။ မြန်မာနိုင်ငံ၏ ရေကောင်းရေသန့်ရရှိမှု (၆၉.၅) ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်လျှင်လည်း မြင့်သည်ကို တွေ့ရပါသည်။
- ပန်းဘဲတန်းမြို့နယ်တွင် အိမ်ထောင်စု (၆၅.၂) ရာခိုင်နှုန်းသည် ရေသန့်စက်/ရေသန့်ဘူးမှ ရရှိသောရေကိုသောက်ရေအဖြစ် သုံးစွဲကြပါသည်။ အိမ်ထောင်စု (၃၂.၅) ရာခိုင်နှုန်းသည် ရေပိုက်လိုင်းမှရရှိသောရေကို သုံးစွဲနေကြပါသည်။
- အိမ်ထောင်စု (၀.၄) ရာခိုင်နှုန်းသည် မသန့်ရှင်းသောအရင်းအမြစ်များမှ ရရှိသောရေကို သောက်ရေအဖြစ် သုံးစွဲနေကြရပါသည်။

မှတ်ချက်။ * ၀.၁ ရာခိုင်နှုန်းထက်နည်းပါသည်။

# အလင်းရောင်အတွက် စွမ်းအင်အသုံးပြုမှု

## ပုံ (၁၆) - အလင်းရောင်အတွက် လျှပ်စစ်မီးအသုံးပြုမှု




ညွှန်ပြချက်

အလင်းရောင်အတွက်လျှပ်စစ်မီးအသုံးပြုမှု (%)

- ၁၅ - ၄၄
- ၄၅ - ၇၂
- ၇၃ - ၁၀၀
- မြို့နယ် နယ်နိမိတ်

| | |
|---|---|
| ပြည်ထောင်စု | - ၃၂.၄% |
| ရန်ကုန်တိုင်းဒေသကြီး | - ၆၉.၃% |
| အနောက်ပိုင်းခရိုင် | - ၉၇.၅% |
| ပန်းဘဲတန်းမြို့နယ် | - ၁၀၀.၀% |

## ဇယား (၁၅) - အလင်းရောင်အတွက် အဓိကအသုံးပြုသည့် မီးအမျိုးအစားအလိုက်အိမ်ထောင်စု ရာခိုင်နှုန်းကို မြို့ပြ/ကျေးလက် ခွဲခြားဖော်ပြသောဇယား


| မီးအမျိုးအစား | | စုစုပေါင်း | မြို့ပြ | ကျေးလက် |
|---|---|---|---|---|
| လျှပ်စစ်မီး | | ၁၀၀.၀ | ၁၀၀.၀ | - |
| ရေနံဆီမီး | | - | - | - |
| ဖယောင်းတိုင်မီး | | * | * | - |
| ဘက်ထရီမီး | | - | - | - |
| မီးစက် (ပုဂ္ဂလိက) | | - | - | - |
| ရေအားလျှပ်စစ် (ပုဂ္ဂလိက) | | - | - | - |
| နေရောင်ခြည် စွမ်းအင်သုံး (ဆိုလာပြား) | | - | - | - |
| အခြား | | * | * | - |
| စုစုပေါင်း | ရာခိုင်နှုန်း | ၁၀၀.၀ | ၁၀၀.၀ | - |
| | အရေအတွက် | ၆,၅၆၃ | ၆,၅၆၃ | - |

- ပန်းဘဲတန်းမြို့နယ်တွင် အလင်းရောင်အတွက် လျှပ်စစ်မီးအသုံးပြုသည့် အိမ်ထောင်စုအချိုးမှာ ရာနှုန်းပြည့်ဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြားမြို့နယ်များနှင့် နှိုင်းယှဉ်ရာ လျှပ်စစ်မီး အသုံးပြုမှုသည် အမြင့်ဆုံးဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီး၏ လျှပ်စစ်မီး အသုံးပြုသည့်အိမ်ထောင်စုအချိုးမှာ (၆၉.၃) ရာခိုင်နှုန်းဖြစ်ပါသည်။

မှတ်ချက်။ * ၀.၁ ရာခိုင်နှုန်းထက်နည်းပါသည်။

# အစားအစာချက်ပြုတ်စားသောက်ရန်အတွက် လောင်စာအသုံးပြုမှု

## ပုံ (၁၇) - သစ်သားကို အခြေခံသော လောင်စာအသုံးပြုမှု



**ဇယား (၁၆) - ချက်ပြုတ်စားသောက်ရန်အတွက် အဓိကအသုံးပြုသည့် လောင်စာအမျိုးအစားအလိုက် အိမ်ထောင်စုရာခိုင်နှုန်းကို မြို့ပြ/ကျေးလက် ခွဲခြားဖော်ပြသောဇယား**

| လောင်စာအမျိုးအစား | | စုစုပေါင်း | မြို့ပြ | ကျေးလက် |
|---|---|---|---|---|
| လျှပ်စစ်မီး | | ၇၇.၈ | ၇၇.၈ | - |
| ဓာတ်ငွေ့ | | ၁၀.၄ | ၁၀.၄ | - |
| ရေနံဆီမီး | | * | * | - |
| ဘိုင်အိုဂက်စ် | | ၁.၇ | ၁.၇ | - |
| သစ်သား/ထင်း | | ၀.၁ | ၀.၁ | - |
| မီးသွေး/လောင်စာတောင့် | | ၈.၉ | ၈.၉ | - |
| ကျောက်မီးသွေး | | ၀.၂ | ၀.၂ | - |
| အခြား | | ၀.၉ | ၀.၉ | - |
| စုစုပေါင်း | ရာခိုင်နှုန်း | **၁၀၀.၀** | **၁၀၀.၀** | - |
| | အရေအတွက် | ၆,၅၆၃ | ၆,၅၆၃ | - |

- ပန်းဘဲတန်းမြို့နယ်တွင် အစားအစာ ချက်ပြုတ်စားသောက်ရန်အတွက် သစ်သားကို အခြေခံသော လောင်စာအမျိုးအစားများဖြစ်သည့် သစ်သား/ထင်း (၀.၁) ရာခိုင်နှုန်းနှင့် မီးသွေး/လောင်စာတောင့် (၈.၉) ရာခိုင်နှုန်းတို့ကို အသုံးပြုကြကြောင်း တွေ့ရှိရပါသည်။
- အိမ်ထောင်စု (၇၇.၈) ရာခိုင်နှုန်းသည် အစားအစာ ချက်ပြုတ်စားသောက်ရန်အတွက် လျှပ်စစ်မီးကို အဓိကအသုံးပြုကြပါသည်။

မှတ်ချက်။ * ၀.၁ ရာခိုင်နှုန်းထက်နည်းပါသည်။


## ဆက်သွယ်ရေးနှင့် အိမ်အသုံးအဆောင်ပစ္စည်းများ အသုံးပြုမှု

### ဇယား (၁၇) - ဆက်သွယ်ရေးနှင့် အိမ်အသုံးအဆောင်ပစ္စည်းများသုံးစွဲမှုအလိုက် အိမ်ထောင်စုရာခိုင်နှုန်းကို မြို့ပြ/ကျေးလက်ခွဲခြားဖော်ပြသောဇယား

| မြို့ပြ/ကျေးလက် | အိမ်ထောင်စု အရေအတွက် | ရေဒီယို | ရုပ်မြင်သံကြား | ကြိုးဖုန်း | လက်ကိုင်ဖုန်း | ကွန်ပျူတာ | အိမ်တွင် အင်တာနက် တပ်ဆင်ထားခြင်း | မည်သည့်ပစ္စည်းမျှ မရှိသည့် ရာခိုင်နှုန်း | ပစ္စည်းအားလုံး ရှိသည့် ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|---|---|
| စုစုပေါင်း | ၆,၅၆၃ | ၁၉.၅ | ၉၀.၃ | ၄၈.၇ | ၉၄.၅ | ၃၃.၄ | ၄၂.၈ | ၁.၀ | ၄.၇ |
| မြို့ပြ | ၆,၅၆၃ | ၁၉.၅ | ၉၀.၃ | ၄၈.၇ | ၉၄.၅ | ၃၃.၄ | ၄၂.၈ | ၁.၀ | ၄.၇ |
| ကျေးလက် | - | - | - | - | - | - | - | - | - |


- အိမ်ထောင်စုများ၏ ဆက်သွယ်ရေးနှင့် အိမ်အသုံးအဆောင်ပစ္စည်းများသုံးစွဲမှုတွင် လက်ကိုင်ဖုန်း သုံးစွဲမှုသည် (၉၄.၅) ရာခိုင်နှုန်းဖြင့် အမြင့်ဆုံးဖြစ်ပါသည်။

ပုံ (၁၈) - ရေဒီယိုနှင့် ရုပ်မြင်သံကြားသုံးစွဲနိုင်သည့် အိမ်ထောင်စုရာခိုင်နှုန်း




- ပန်းဘဲတန်းမြို့နယ်တွင် ရုပ်မြင်သံကြားရှိသော အိမ်ထောင်စုမှာ (၉၁.၃) ရာခိုင်နှုန်းဖြစ်ပြီး၊ ရေဒီယိုရှိသော အိမ်ထောင်စုမှာ (၁၉.၅) ရာခိုင်နှုန်းဖြင့် အိမ်ထောင်စု (၅) စုတွင် (၁) စုနှုန်း ရှိကြောင်းတွေ့ရှိရပါသည်။

## ပုံ (၁၉) - လက်ကိုင်ဖုန်းသုံးစွဲနိုင်မှု




**ညွှန်ပြချက်**

လက်ကိုင်ဖုန်းရရှိသုံးစွဲမှု (%)

- ၂၅ - ၄၉
- ၅၀ - ၇၂
- ၇၃ - ၉၅
- မြို့နယ် နယ်နိမိတ်

| | |
|---|---|
| ပြည်ထောင်စု | - ၃၂.၉% |
| ရန်ကုန်တိုင်းဒေသကြီး | - ၆၀.၉% |
| အနောက်ပိုင်းခရိုင် | - ၈၉.၁% |
| ပန်းဘဲတန်းမြို့နယ် | - ၉၄.၅% |

- ပန်းဘဲတန်းမြို့နယ်တွင် အိမ်ထောင်စု (၉၄.၅) ရာခိုင်နှုန်းသည် လက်ကိုင်ဖုန်းရှိသည့်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြားမြို့နယ်များနှင့် နှိုင်းယှဉ်ရာ မြင့်သည်ကို တွေ့ရှိရပါသည်။

## ပို့ဆောင်ရေးယာဉ် အမျိုးအစားများ


**ဇယား (၁၈) - သယ်ယူပို့ဆောင်ရေးအတွက် အသုံးပြုသည့်ယာဉ်အမျိုးအစားအလိုက် အိမ်ထောင်စုအရေအတွက် ကို မြို့ပြ/ကျေးလက် ခွဲခြားဖော်ပြသောဇယား**

| တိုင်းဒေသကြီး/ခရိုင်/မြို့နယ် | အိမ်ထောင်စု | ကား/ ထရပ်ကား/ ဗင်န် | မော်တော် ဆိုင်ကယ်/ လျှပ်စစ်စက်ဘီး/ သုံးဘီးကား | စက်ဘီး | (၄) ဘီးပါ ထော်လာဂျီ | ကနူးလှေ၊ သမ္ဗာန် | စက်လှေ၊ မော်တော်ဘုတ် | လှည်း(ကျွဲ၊ နွား၊ မြင်း.. စသဖြင့်) |
|---|---|---|---|---|---|---|---|---|
| ရန်ကုန်တိုင်းဒေသကြီး | ၁,၅၈၂,၉၄၄ | ၁၂၃,၁၄၉ | ၂၁၅,၈၂၈ | ၇၃၁,၄၂၈ | ၁၉,၃၀၅ | ၁၉,၄၆၄ | ၁၅,၇၉၀ | ၇၆,၂၁၅ |
| မြို့ပြ | ၁,၀၆၉,၀၅၆ | ၁၁၅,၇၆၈ | ၉၃,၃၇၇ | ၅၀၈,၂၃၉ | ၃,၅၀၉ | ၂,၉၁၃ | ၂,၃၅၂ | ၆,၃၀၈ |
| ကျေးလက် | ၅၁၃,၈၈၈ | ၇,၃၈၁ | ၁၂၂,၄၅၁ | ၂၂၃,၁၈၉ | ၁၅,၇၉၆ | ၁၆,၅၅၁ | ၁၃,၄၃၈ | ၆၉,၉၀၇ |
| အနောက်ပိုင်းခရိုင် | ၁၉၀,၇၈၂ | ၄၀,၇၁၂ | ၄,၀၁၁ | ၄၂,၄၀၄ | ၂၅၄ | ၇၃၉ | ၃၈၈ | ၄၂၄ |
| မြို့ပြ | ၁၉၀,၇၈၂ | ၄၀,၇၁၂ | ၄,၀၁၁ | ၄၂,၄၀၄ | ၂၅၄ | ၇၃၉ | ၃၈၈ | ၄၂၄ |
| ကျေးလက် | - | - | - | - | - | - | - | - |
| ပန်းဘဲတန်းမြို့နယ် | ၆,၅၆၃ | ၁,၅၃၉ | ၇ | ၆၇ | ၄ | ၃ | ၉ | ၄ |
| မြို့ပြ | ၆,၅၆၃ | ၁,၅၃၉ | ၇ | ၆၇ | ၄ | ၃ | ၉ | ၄ |
| ကျေးလက် | - | - | - | - | - | - | - | - |

- ပန်းဘဲတန်းမြို့နယ်တွင် အိမ်ထောင်စုများ၏ သယ်ယူပို့ဆောင်ရေးအတွက် အသုံးပြုသည့်ယာဉ် အမျိုးအစားများတွင် ကား/ထရပ်ကား/ဗင်န်အသုံးပြုမှုသည် (၂၃.၄) ရာခိုင်နှုန်းဖြင့် အမြင့်ဆုံး ဖြစ်ပြီး စက်ဘီးအသုံးပြုမှုသည် (၁.၀) ရာခိုင်နှုန်းဖြင့် ဒုတိယအမြင့်ဆုံးဖြစ်ပါသည်။


## (ဇ) မွေးဖွားခြင်းနှင့် သေဆုံးခြင်းအကြောင်းအရာ

### မွေးဖွားခြင်းအကြောင်းအရာ




- ပန်းဘဲတန်းမြို့နယ်တွင် အသက် (၂၅-၂၉) အုပ်စုတွင် မွေးဖွားနှုန်းအမြင့်ဆုံးဖြစ်သည်ကို တွေ့ရှိရပါသည်။
- အသက် (၁၅) နှစ်မှ အသက် (၄၉) နှစ်အတွင်းရှိ အမျိုးသမီးတစ်ဦး၏ စုစုပေါင်းကလေးမွေးဖွားနှုန်းမှာ (၁.၅) ဦးဖြစ်ပြီး ပြည်ထောင်စုအဆင့် စုစုပေါင်းကလေးမွေးဖွားနှုန်း (၂.၅) ဦးထက် ပိုနိမ့်သည်ကို တွေ့ရှိရပါသည်။

# ပုံ (၂၁) - စုစုပေါင်းကလေးမွေးဖွားနှုန်း





**ညွှန်ပြချက်**

**စုစုပေါင်းကလေးမွေးနှုန်း**

- ၀.၉ – ၁.၅
- ၁.၆ – ၂.၁
- ၂.၂ – ၂.၇
- မြို့နယ် နယ်နိမိတ်

| | |
|---|---|
| ပြည်ထောင်စု | - ၂.၅ ဦး |
| ရန်ကုန်တိုင်းဒေသကြီး | - ၁.၉ ဦး |
| အနောက်ပိုင်းခရိုင် | - ၁.၃ ဦး |
| ပန်းဘဲတန်းမြို့နယ် | - ၁.၅ ဦး |


ပုံ (၂၂) - မျှော်မှန်းသက်တမ်း (ပြည်ထောင်စု၊ တိုင်းဒေသကြီး/ပြည်နယ်)




- ရန်ကုန်တိုင်းဒေသကြီးတွင် မွေးဖွားစဉ် မျှော်မှန်းသက်တမ်းသည် (၆၅.၅) နှစ်ဖြစ်ပြီး ပြည်ထောင်စု အဆင့် မျှော်မှန်းသက်တမ်း (၆၄.၇) နှစ်ထက်မြင့်ပါသည်။
- မ မျှော်မှန်းသက်တမ်း (၇၀.၈ နှစ်) သည် ကျား မျှော်မှန်းသက်တမ်း (၆၀.၅ နှစ်) ထက် ပိုမြင့်ပါသည်။


## ကလေးအရွယ်သေဆုံးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်သေဆုံးခြင်းအကြောင်းအရာ

ပုံ (၂၃) - တစ်နှစ်အောက်ကလေးသေနှုန်းနှင့် ငါးနှစ်အောက်ကလေးသေနှုန်း




- အနောက်ပိုင်းခရိုင်တွင် တစ်နှစ်အောက်နှင့် ငါးနှစ်အောက်ကလေး သေနှုန်းများသည် ပြည်ထောင်စု အဆင့် သေနှုန်းများထက် နိမ့်ပါသည်။ အရှင်မွေးကလေး (၁,၀၀၀) တွင် အသက်တစ်နှစ်အောက် ကလေး (၂၆) ဦးနှင့် အရှင်မွေးကလေး (၁,၀၀၀) တွင် အသက်ငါးနှစ်အောက်ကလေး (၂၉) ဦး သေဆုံးလျက်ရှိပါသည်။
- ပန်းဘဲတန်းမြို့နယ်တွင် တစ်နှစ်အောက်နှင့် ငါးနှစ်အောက်ကလေး သေနှုန်းများသည် ရန်ကုန်တိုင်း ဒေသကြီးနှင့် အနောက်ပိုင်းခရိုင်တို့၏ သေနှုန်းများထက် နိမ့်ပါသည်။ အရှင်မွေးကလေး (၁,၀၀၀) တွင် အသက်တစ်နှစ်အောက်ကလေး (၂၄) ဦးနှင့် အရှင်မွေးကလေး (၁,၀၀၀) တွင် အသက်ငါးနှစ် အောက်ကလေး (၂၇) ဦးသေဆုံးလျက်ရှိပါသည်။

ပုံ (၂၄) - ကိုယ်ဝန်ဆောင်မိခင်သေဆုံးနှုန်း (ပြည်ထောင်စု၊ တိုင်းဒေသကြီး/ပြည်နယ်)




- ရန်ကုန်တိုင်းဒေသကြီးတွင် အရှင်မွေးကလေး (၁၀၀,၀၀၀) ၌ ကိုယ်ဝန်ဆောင်စဉ်၊ မွေးဖွားစဉ်နှင့် မွေးဖွားပြီး (၆) ပတ် အကြာတွင် မိခင် (၂၁၃) ဦး သေဆုံးလျက်ရှိပါသည်။
- ကိုယ်ဝန်ဆောင်မိခင်သေနှုန်းသည် ပြည်ထောင်စုအဆင့်ထက် နိမ့်ပါသည်။
- အရှေ့တောင်အာရှနိုင်ငံများ၏ ကိုယ်ဝန်ဆောင်မိခင်သေနှုန်း (၁၄၀) နှင့် နှိုင်းယှဉ်ရာတွင် မြန်မာနိုင်ငံ၏ ကိုယ်ဝန်ဆောင်မိခင်သေနှုန်း (၂၈၂) သည် မြင့်မားနေကြောင်း တွေ့ရှိရပါသည်။

**သန်းခေါင်စာရင်းဆိုင်ရာ ဝေါဟာရအဓိပ္ပာယ်သတ်မှတ်ချက်များ**

**လူဦးရေ** - ဤအစီရင်ခံစာတွင်ပါဝင်သည့် လူဦးရေဆိုသည်မှာ သန်းခေါင်စာရင်းညတွင် မြန်မာနိုင်ငံ နယ်နိမိတ်အတွင်းရှိနေသည့် လူဦးရေကို ဆိုလိုပါသည်။

**သန်းခေါင်စာရင်းည (သန်းခေါင်စာရင်းရည်ညွှန်းချိန်)** - ၂၀၁၄ ခုနှစ်၊ မတ်လ (၂၉) ရက်နေ့ညကို ဆိုလိုပါသည်။ မတ်လ (၂၉) ရက်နေ့ည (၀၀း၀၀) အချိန်သည် သန်းခေါင်စာရင်း ရည်ညွှန်းချိန်ဖြစ်ပါ သည်။ မြန်မာနိုင်ငံအတွင်း သန်းခေါင်စာရင်းညတွင်ရှိသည့်လူအားလုံးကို စာရင်းကောက်ယူခဲ့ပါသည်။

**ကျေးလက်** - အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သတ်မှတ်ထားသော ကျေးရွာအုပ်စုများကို ဆိုလို ပါသည်။ ယေဘုယျအားဖြင့် ၎င်းဒေသများသည် လူဦးရေသိပ်သည်းဆ နည်းသည့်ဒေသများဖြစ်ပြီး ၎င်းမြေဧရိယာများတွင် စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကလုပ်ကိုင်ပါသည်။

**မြို့ပြ** - အထွေထွေအုပ်ချုပ်ရေးဦးစီဌာနမှ သတ်မှတ်ထားသော ရပ်ကွက်များဖြစ်ပါသည်။ ယေဘုယျ အားဖြင့် အဆိုပါဒေသများတွင် အဆောက်အအုံနှင့် လူဦးရေထူထပ်ပြီး စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် ပါသည်။

**သိပ်သည်းဆ** - ဧရိယာ တစ်စတုရန်းကီလိုမီတာတွင် နေထိုင်သောလူဦးရေကို ဆိုလိုပါသည်။ နယ်နိမိတ် တစ်ခုအတွင်းနေထိုင်သော လူဦးရေစုစုပေါင်းကို ၎င်းဒေသ၏ ဧရိယာအကျယ်အဝန်းနှင့် စားခြင်းဖြင့် သိပ်သည်းဆကိုရရှိပြီး စတုရန်းကီလိုမီတာဖြင့်ဖော်ပြပါသည်။ ထိုသို့တွက်ချက်ရာတွင် ကုန်းမြေကိုသာ ထည့်သွင်းတွက်ချက်ထားပါသည်။

**ပျမ်းမျှအိမ်ထောင်စုအရွယ်အစား** - အိမ်ထောင်စုတစ်စုတွင်ရှိသော ပျမ်းမျှအိမ်ထောင်စုဝင် အရေအတွက် ကိုဆိုလိုပါသည်။ (အိမ်ထောင်စုလူဦးရေစုစုပေါင်းကို အိမ်ထောင်စုအရေအတွက်ဖြင့် စားခြင်းဖြင့်ရရှိ ပါသည်။)

**ကျား/မ အချိုး** - အမျိုးသမီးဦးရေ (၁၀၀) ၌ရှိသည့် အမျိုးသားဦးရေကိုဆိုလိုပါသည်။

**မှီခိုသူအချိုး** - အလုပ်လုပ်ကိုင်နိုင်သည့် အသက်အရွယ် အသက် (၁၅) နှစ်မှ အသက် (၆၄) နှစ်ဦးရေ (၁၀၀) ပေါ်တွင် မှီခိုနေသည့် ကလေးဦးရေ (အသက် ၁၅ နှစ်အောက်) နှင့် သက်ကြီးရွယ်အိုဦးရေ (အသက် ၆၅ နှစ်နှင့်အထက်) တို့၏အချိုးဖြစ်ပါသည်။ စုစုပေါင်းမှီခိုသူအချိုး၊ ကလေးမှီခိုသူအချိုးနှင့် သက်ကြီးရွယ်အိုမှီခိုသူအချိုးတို့ကို တိုင်းတာတွက်ချက်နိုင်ပါသည်။

**ကလေးမှီခိုသူအချိုး** - အသက် (၁၅) နှစ်အောက် ကလေးဦးရေနှင့် အလုပ်လုပ်နိုင်သည့်လူဦးရေ (အသက် ၁၅ - ၆၄ နှစ်) အချိုးကို ဆိုလိုပါသည်။

**သက်ကြီးရွယ်အိုမှီခိုသူအချိုး** - အသက် (၆၅) နှစ်နှင့်အထက် သက်ကြီးရွယ်အိုဦးရေနှင့် အလုပ်လုပ်နိုင်သည့်လူဦးရေ (အသက် ၁၅ - ၆၄ နှစ်) အချိုးကို ဆိုလိုပါသည်။

**သက်ကြီးရွယ်အိုညွှန်ကိန်း** - အသက် (၁၅) နှစ်အောက် ကလေးဦးရေ (၁၀၀) တွင်ရှိသည့် အသက် (၆၅) နှစ်နှင့်အထက် သက်ကြီးရွယ်အိုဦးရေကို ဆိုလိုပါသည်။

**အသက်အလယ်ကိန်း** - စုစုပေါင်းလူဦးရေ၏အသက်များကို အုပ်စု (၂) စု အညီအမျှခွဲခြားရာတွင် ရရှိသည့် အလယ်ကိန်းဖြစ်ပါသည်။ လူဦးရေ၏တစ်ဝက်သည် အသက်အလယ်ကိန်းထက်ငယ်ပြီး ကျန်တစ်ဝက် သည် အသက်အလယ်ကိန်းထက် ကြီးပါသည်။

**ပညာရေး** - သင်ကြားခြင်းနှင့် သင်တန်းလမ်းညွှန်များမှတဆင့် သင်ကြားတတ်မြောက်ခြင်းကို ဆိုလို ပါသည်။ ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းတွင် စာတတ် မြောက်မှု၊ ကျောင်းနေမှုအခြေအနေ၊ အမြင့်ဆုံးတက်ရောက်ပြီးစီးခဲ့သည့် အတန်း/အဆင့်တို့ကို မေးမြန်းခဲ့ ပါသည်။ ပညာရေးနှင့်ပတ်သက်၍ အမျိုးအစားခွဲခြားမှုများကို အောက်ပါအတိုင်း ဖော်ပြထားပါသည်-

(က) **စာတတ်မြောက်မှု** - ဘာသာစကားတစ်ခုခုကို ကောင်းမွန်စွာ ရေးတတ်၊ ဖတ်တတ်ခြင်းကို ဆိုလိုပါသည်။

(ခ) **ကျောင်းတက်ရောက်မှုအခြေအနေ** - လွန်ခဲ့သည့်စာသင်နှစ်တွင် အတန်းပညာ အဆင့်ဆင့် သင်ကြားနိုင်ရန်ပုံမှန်ဖွင့်လှစ်ထားသော တရားဝင်အသိအမှတ်ပြု စာသင် ကျောင်းများ (သို့မဟုတ်) ပညာရေးအစီအစဥ်များတွင် ပညာသင်ကြားနေသူများကို ဆိုလိုပါသည်။ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့်တက် နေသူများ အားလုံးပါဝင်ပါသည်။ အဆိုပါကျောင်းနေမှုအခြေအနေတွင် (၁) လက်ရှိတွင် ကျောင်းတက်နေသူ၊ (၂) ကျောင်းတက်ဖူးသူ၊ (၃) လုံးဝကျောင်းမတက်ဘူး သူဟူ၍ (၃) မျိုးပါဝင်ပါသည်။

(ဂ) **အမြင့်ဆုံးတက်ရောက်ပြီးစီးခဲ့သည့်အတန်း/အဆင့်** - အစိုးရကျောင်းများ၊ အစိုးရ အသိအမှတ်ပြုထားသည့် ပုဂ္ဂလိကကျောင်းများတွင် တက်ရောက်ပြီးစီးခဲ့သည့် အမြင့်ဆုံး ပညာရေးအဆင့်/ဘွဲ့/ဒီဂရီကို ဆိုလိုပါသည်။

**မသန်စွမ်းမှု** - နေ့စဥ်လုပ်ငန်းဆောင်ရွက်မှုများ၊ အလုပ်လုပ်ကိုင်ဆောင်ရွက်မှု/သင်ယူမှုများ၊ လှုပ်ရှားမှု များတွင် အထောက်အကူမရှိပါက သာမန်လူများထက်ပို၍ အခက်အခဲရှိသူများကို ဆိုလို ပါသည်။ ၂၀၁၄

ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းတွင် မသန်စွမ်းမှုနှင့်ပတ်သက်၍ အောက်ပါတို့ ကို မေးမြန်းထားပါသည်-

(က) လမ်းလျှောက်ခြင်း (ဂိုင်းချဲအသုံးပြုခြင်း၊ တောင်ဝှေး၊ ချိုင်းထောက်အသုံးပြုခြင်း၊ ခြေဆာ ခြင်း၊ အမြင့်တက်ရာတွင်ခက်ခဲခြင်း)


(ခ ) အမြင် (အမြင်အာရုံအားနည်းခြင်း၊ မျက်စိမမြင်ခြင်း)

(ဂ ) အကြား (အကြားအာရုံနည်းခြင်း၊ နားမကြားခြင်း)

(ဃ) မှတ်ဉာဏ်/အာရုံစူးစိုက်ခြင်း (ဖွံ့ဖြိုးမှုနှောင့်နှေးခြင်း၊ ကျောင်းနေရန်ခက်ခဲခြင်း၊ အခြား စိတ်ပိုင်းဆိုင်ရာအခြေအနေများ)

**ကိုင်ဆောင်သည့်လက်မှတ်** - လူတစ်ဦးချင်းစီ၏ သက်သေခံအဖြစ် ကိုယ်ရေးအကြောင်းအရာ အချက် အလက်များပါဝင်သည့် ကတ်/လက်မှတ်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် သက်သေခံကတ်/လက်မှတ် အမျိုး အစားပေါင်းများစွာ ထုတ်ပေးထားပြီး နိုင်ငံခြားသားများအတွက် နိုင်ငံကူးလက်မှတ်ကိုဆို လိုပါသည်။

**လုပ်သားအင်အားအခြေအနေ** - သန်းခေါင်စာရင်းရည်ညွှန်းရက်မတိုင်မီ (၂၀၁၄ ခုနှစ်၊ မတ်လ ၂၉ ရက်) လွန်ခဲ့သည့် (၁၂) လအတွင်း လုပ်ကိုင်ခဲ့သော အဓိကလုပ်ဆောင်မှုများကို ဆိုလိုပါသည်။ အသက် (၁၀) နှစ်နှင့်အထက် လူဦးရေကို အောက်ပါအတိုင်း ခွဲခြားဖော်ပြထားပါသည် -



**လုပ်သားအင်အားစု** - "အလုပ်ရှိသူ (လုပ်ငန်းခွင်ရှိလူဦးရေ)" နှင့် "အလုပ်လက်မဲ့" တို့ပါဝင်သည့် ယေဘုယျစကားရပ်တစ်ခု ဖြစ်ပါသည်။

**အလုပ်ရှိသူ** - လူတစ်ယောက်သည် အမြတ်အစွန်းတစ်ခုခု (လစာ၊ လုပ်ခ၊ စီးပွားရေးအကျိုးအမြတ် စသည်) အတွက် သန်းခေါင်စာရင်းမကောက်မီ တစ်ပတ်အတွင်း (သို့မဟုတ်) တစ်နှစ်အတွင်း အချိန်ပြည့် (သို့မဟုတ်) (၆) လနှင့်အထက် အလုပ်လုပ်ခဲ့လျှင် ထိုသူကို အလုပ်ရှိသည်ဟု ဆိုလိုပါသည်။ ၎င်းတို့တွင် လစာမရသော်လည်း မိသားစုလုပ်ငန်းတွင်လုပ်ကိုင်သူ၊ စတိုးဆိုင်၊ ပုဂ္ဂလိကဆေးရုံ အစရှိသည်တို့တွင် လုပ်ကိုင်နေသူများပါဝင်ပါသည်။

**အလုပ်လက်မဲ့** - အလုပ်လုပ်ကိုင်နိုင်သူဖြစ်သော်လည်း သတ်မှတ်ထားသည့်ကာလအတွင်း အလုပ်မရှိသူ၊ အလုပ်ရှာဖွေနေသူကို ဆိုလိုပါသည်။

**လုပ်သားအင်အားစုတွင်မပါဝင်သူများ** - သန်းခေါင်စာရင်းကောက်ယူချိန်မတိုင်မီ ရက်သတ္တပတ်အတွင်း အလုပ်မရှိသူ၊ အလုပ်မရှာခဲ့သူ၊ အလုပ်မလုပ်နိုင်သူများကို ဆိုလိုပါသည်။ အဆိုပါအုပ်စုတွင် အချိန်ပြည့် ကျောင်းတက်နေသူ၊ အိမ်မှုကိစ္စလုပ်သူ၊ သက်ကြီးရွယ်အိုများ ပါဝင်ပါသည်။

**လုပ်သားအမျိုးအစား** - အလုပ်ရှိသူများကို လွန်ခဲ့သော (၁၂) လအတွင်း ၎င်းတို့ဆောင်ရွက်သည့် စီးပွားရေးလုပ်ငန်း လုပ်ဆောင်မှုအလိုက် ခွဲခြားဖော်ပြခြင်းဖြစ်ပါသည်။ လုပ်သားအမျိုးအစားများကို အောက်ပါအတိုင်း အုပ်စု (၅) စုခွဲခြားထားပါသည်-

(က) **အစိုးရဝန်ထမ်း** - အစိုးရဌာန/အဖွဲ့အစည်းများတွင် အလုပ်လုပ်ကိုင်နေသူများ

(ခ) **ပုဂ္ဂလိက/အဖွဲ့အစည်းဝန်ထမ်း** - ပုဂ္ဂလိကလုပ်ငန်း၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ရောင်းဝယ်ရေးလုပ်ငန်း များတွင်လုပ်ကိုင်နေသူများ

(ဂ) **အလုပ်ရှင်** - သတ်မှတ်ကာလအတွင်း ၎င်းတို့၏ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းကို အလုပ် သမား (၁) ဦးဖြစ်စေ၊ (၁) ဦးထက်ပို၍ဖြစ်စေ ခန့်ထားပြီး လုပ်ငန်းလုပ်ကိုင်သူများ

(ဃ) **ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ** - ကိုယ်ပိုင်စီးပွားရေး (သို့မဟုတ်) မိသားစုစီးပွားရေးတွင် မည်သည့်အလုပ်သမားကိုမျှ ခန့်ထားခြင်းမရှိဘဲ ကိုယ်တိုင်ဝင်ရောက်လုပ်ကိုင်သူ

(င) **မိသားစုလုပ်ငန်းလုပ်ကိုင်သူ** - မိသားစုဝင်တစ်ဦးဦး၏ စီးပွားရေးလုပ်ငန်း၊ စိုက်ပျိုးမွေးမြူ ရေး၊ ခြံလုပ်ငန်း၊ ကုန်ရောင်းကုန်ဝယ်လုပ်ငန်း (သို့မဟုတ်) အသက်မွေးဝမ်းကျောင်း လုပ်ငန်းတစ်ခုခုတွင် လုပ်အားခမရရှိဘဲ ဝင်ရောက်လုပ် ကိုင်သူ

**လုပ်သားအင်အားပါဝင်နှုန်း** - အသက်အုပ်စုတစ်ခုတွင်ရှိသည့် လုပ်သားအင်အားနှင့် အဆိုပါအသက်အုပ်စုအတွင်းရှိ လူဦးရေတို့၏အချိုးကို ဆိုလိုပါသည်။ လုပ်သားအင်အားပါဝင်နှုန်းသည် အလုပ်လုပ်နိုင်သည့် လူဦးရေပမာဏကို ဖော်ပြသည့် အရေးကြီးသော အညွှန်းကိန်းဂဏန်းတစ်ခု ဖြစ်ပါသည်။

$$\text{လုပ်သားအင်အား ပါဝင်နှုန်း} = \frac{\text{လုပ်သားအင်အားစုတွင်ပါဝင်သူဦးရေ (အလုပ်ရှိသူ + အလုပ်လက်မဲ့)}}{\text{စုစုပေါင်းလူဦးရေ}} \times ၁၀၀$$

**အလုပ်လက်မဲ့ရာခိုင်နှုန်း -** လုပ်သားအင်အားစုစုပေါင်းတွင် အလုပ်အကိုင်မရရှိသေးဘဲ အလုပ်ရှာနေသူနှင့် အလုပ်လုပ်ရန်ဆန္ဒရှိသူတို့၏ ရာခိုင်နှုန်းကို ဆိုလိုပါသည်။ အဆိုပါလူဦးရေသည် အလုပ်ရှာဖွေနေသူများဖြစ်ပြီး အလုပ်လုပ်ရန်အဆင်သင့်ရှိသူများ ဖြစ်ပါသည်။

$$\text{အလုပ်လက်မဲ့ရာခိုင်နှုန်း} = \frac{\text{အလုပ်လက်မဲ့ဦးရေ}}{\text{လုပ်သားအင်အားစုတွင်ပါဝင်သူဦးရေ (အလုပ်ရှိသူ + အလုပ်လက်မဲ့)}} \times ၁၀၀$$

**အလုပ်အကိုင်ရရှိမှုနှင့် လူဦးရေအချိုး -** နိုင်ငံတစ်ခု၏အလုပ်ရှိသူဦးရေနှင့် အလုပ်လုပ်ကိုင်နိုင်သည့် လူဦးရေ (အသက် ၁၅ - ၆၄) ၏အချိုးအစားကိုပြသည့် စာရင်းအင်းဆိုင်ရာ အချိုးတစ်ခုဖြစ်ပါသည်။ လူတစ်ဦးသည် တစ်ပတ်လျှင် အနည်းဆုံးတစ်နာရီကြာ အလုပ်လုပ်ကိုင်ပါက ၎င်းကိုအလုပ်အကိုင် ရှိသူဟု နိုင်ငံတကာအလုပ်သမားအဖွဲ့ကြီးမှ သတ်မှတ်ထားပါသည်။

$$\text{အလုပ်အကိုင်ရရှိမှုနှင့် လူဦးရေအချိုး} = \frac{\text{အလုပ်ရှိသူဦးရေ}}{\text{စုစုပေါင်းလူဦးရေ}} \times ၁၀၀$$

**အလုပ်အကိုင်** - သန်းခေါင်စာရင်းရည်ညွှန်းချိန်မတိုင်မီ လွန်ခဲ့သော (၁၂) လအတွင်း လုပ်ကိုင်ခဲ့သည့် လူတစ်ယောက်၏ အလုပ်အကိုင်ကိုဆိုလိုပါသည်။ လုပ်ငန်းနှင့်သက်ဆိုင်ခြင်းမရှိဘဲ လွန်ခဲ့သော (၁၂) လအတွင်း လုပ်ကိုင်ခဲ့သည့်အလုပ်အကိုင်ကိုသာ ဆိုလိုခြင်းဖြစ်သည်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းတွင် အလုပ်အကိုင်ဖော်ပြခြင်းနှင့်စပ်လျဉ်း၍ စာရင်းကိုင်၊ အချက်အလက်သွင်းစာရေး၊ အတွင်းရေးမှူး၊ အိမ်မှုကိစ္စလုပ်သူ၊ တံငါသည်၊ လူ့အရင်းအမြစ်မန်နေဂျာစသည်ဖြင့် အသေးစိတ်ဖော်ပြရမည်ဟု သန်းခေါင်စာရင်း စာရင်းကောက်များကို ညွှန်ကြားထားပါသည်။ အကယ်၍ဖြေဆိုသူသည် အလုပ်အကိုင်နှစ်ခု (သို့မဟုတ်) နှစ်ခုထက်ပို၍ လုပ်ကိုင်ခဲ့လျှင် အဓိကလုပ်ကိုင်သော အလုပ်အကိုင်တစ်ခုကို သတ်မှတ်ရွေးချယ်စေခဲ့ပါသည်။ အလုပ်အကိုင် အမျိုးအစားများ ခွဲခြားသတ်မှတ်ရာတွင် ISCO 2008 ကို အခြေခံ၍ ခွဲခြားထားပါသည်။

**လုပ်ငန်း** - သန်းခေါင်စာရင်းရည်ညွှန်းချိန်မတိုင်မီ လွန်ခဲ့သော (၁၂) လအတွင်း အလုပ်လုပ်နေသူများ လုပ်ကိုင်နေသည့် လုပ်ငန်းတစ်ခုဖြစ်ပါသည်။ အလုပ်လုပ်နေသူများလုပ်ကိုင်နေသည့် လုပ်ငန်းခွင် နေရာကို ဖော်ပြရမည်ဖြစ်ပါသည်။ အလုပ်လုပ်နေသူတစ်ဦး၏ လုပ်ကိုင်နေရသည့် တာဝန်များ (သို့မဟုတ်) ဆောင်ရွက်ချက်များကို ဖော်ပြရန်မလိုဘဲ ကုန်ထုတ်လုပ်ငန်း (သို့မဟုတ်) ဝန်ဆောင်မှုပေး သည့် လုပ်ငန်းအမျိုးအစားကို ဆိုလိုခြင်းဖြစ်ပါသည်။ ဥပမာ - လူတစ်ယောက်သည် တီဗွီထုတ်လုပ်သော စက်ရုံ၏ သိုလှောင်ရုံတွင် အလုပ်လုပ်ကိုင်သူဖြစ်ပါက ထိုသူ၏လုပ်ငန်းသည် လျှပ်စစ်ပစ္စည်းထုတ်လုပ် မှုလုပ်ငန်း ဖြစ်ပါသည်။ အကယ်၍ဖြေဆိုသူသည် လုပ်ငန်းနှစ်ခု (သို့မဟုတ်) နှစ်ခုထက်ပိုသော လုပ်ငန်းများတွင် လုပ်ကိုင်ခဲ့ပါလျှင် အဓိကလုပ်ကိုင်သော လုပ်ငန်းတစ်ခုကို သတ်မှတ်ရွေးချယ်စေခဲ့ ပါသည်။ လုပ်ငန်းများ ခွဲခြားသတ်မှတ်ရာတွင် ISIC Revision 4 ကို အခြေခံ၍ ခွဲခြားထားပါသည်။

**အရှင်မွေးကလေး** - ကလေးငယ်မိခင်ဝမ်းမှကျွတ်ချိန်တွင် ငိုခြင်း၊ အသံပြုခြင်း၊ ခြေလက်များလှုပ်ရှား ခြင်း စသည့် အသက်ရှင်သန်မှု သင်္ကေတတစ်ခုခုကို ပြုလုပ်သူကို ဆိုလိုပါသည်။ သန်းခေါင်စာရင်းတွင် အရှင် မွေးကလေးများကို ထည့်သွင်းကောက်ယူခဲ့ပါသည်။ ထို့အပြင် အိမ်ထောင်ကျဖူးသည့် အမျိုးသမီးများ၏ နောက်ဆုံးအရှင်မွေးကလေးအကြောင်းအရာများကိုလည်း ထည့်သွင်းကောက်ယူခဲ့ ပါသည်။

**စုစုပေါင်းကလေးမွေးဖွားနှုန်း** - အမျိုးသမီးတစ်ယောက်မွေးဖွားနိုင်သည့် ပျမ်းမျှကလေးအရေအတွက် (အမျိုးသမီးအားလုံး ကလေးမွေးဖွားနိုင်သည့် အသက်အပိုင်းအခြား ပြီးဆုံးသည်အထိ အသက်ရှင်ပြီး လက်ရှိမွေးနှုန်းအတိုင်း မွေးမည်ဆိုပါက) ကို ဆိုလိုပါသည်။

$$\text{စုစုပေါင်းကလေးမွေးဖွားနှုန်း} = ၅ \times \sum \text{အသက်အုပ်စုအလိုက် ကလေးမွေးဖွားနှုန်း}$$

**အသက်အုပ်စုအလိုက် ကလေးမွေးဖွားနှုန်း** - အသက်အုပ်စုအလိုက် အမျိုးသမီး (၁,၀၀၀) တစ်နှစ်အတွင်း မွေးဖွားသည့် ကလေးဦးရေကို တိုင်းတာခြင်းဖြစ်ပါသည်။ အသက်အုပ်စုအလိုက် ကလေးမွေးဖွားနှုန်းကို တိုင်းတာရာတွင် သီးခြားဖော်ပြထားခြင်းမရှိပါက ပြက္ခဒိန်နှစ်ကို အခြေခံ၍ တွက်ချက်ပါသည်။

## ပန်းဘဲတန်းမြို့နယ်အစီရင်ခံစာ ပြုစုသူများစာရင်း

### ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်၊ ပန်းဘဲတန်းမြို့နယ်အစီရင်ခံစာ ပြုစုသူများစာရင်း

| အမည် | ရာထူးနှင့် ဌာန/အဖွဲ့အစည်း | တာဝန် |
|---|---|---|
| **အစီရင်ခံစာပြုစုသူ** | | |
| ဒေါ်သီတာ | လက်ထောက်ညွှန်ကြားရေးမှူး၊ ပြည်သူ့အင်အားဦးစီးဌာန | ရေးသားပြုစုသူ |
| ဒေါ်ခင်အေးကြည် | ဒုတိယလူဝင်မှုကြီးကြပ်ရေးမှူး၊ ပြည်သူ့အင်အားဦးစီးဌာန | ရေးသားပြုစုသူ |
| | | |
| **စစ်ဆေးတည်းဖြတ်သူ** | | |
| ဒေါ်တင်တင်ညွန့် | UNFPA အကြံပေး | အပြီးသတ်စစ်ဆေးတည်းဖြတ်သူ |
| ဒေါ်စန္ဒာမြင့် | ဒုတိယညွှန်ကြားရေးမှူး၊ ပြည်သူ့အင်အားဦးစီးဌာန | အပြီးသတ်စစ်ဆေးတည်းဖြတ်သူ |
| ဒေါ်မျိုးသန္တာ | ဦးစီးအရာရှိ၊ ပြည်သူ့အင်အားဦးစီးဌာန | စစ်ဆေးတည်းဖြတ်သူ |
| ဒေါ်ဝေဝေလှိုင်ဇင် | လူဝင်မှုကြီးကြပ်ရေးမှူး၊ ပြည်သူ့အင်အားဦးစီးဌာန | စစ်ဆေးတည်းဖြတ်သူ |
| | | |
| **စာရင်းဇယားပြုစုခြင်း၊ မြေပုံရေးဆွဲခြင်း** | | |
| ဒေါ်စန္ဒာမြင့် | ဒုတိယညွှန်ကြားရေးမှူး၊ ပြည်သူ့အင်အားဦးစီးဌာန | ကွန်ပျူတာအစီအစဉ်ရေးဆွဲခြင်းနှင့် စာရင်းဇယားပြုစုသူ |
| ဒေါ်လင်းလင်းမာ | ဦးစီးအရာရှိ၊ ပြည်သူ့အင်အားဦးစီးဌာန | မြေပုံရေးဆွဲပြုစုသူ |
| ဦးသန့်ဇင်ဦး | လက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး၊ ပြည်သူ့အင်အားဦးစီးဌာန | မြေပုံရေးဆွဲပြုစုသူ |
| ဦးခွန်ဇင်နိုင်ထွန်း | အငယ်တန်းစာရေး၊ ပြည်သူ့အင်အားဦးစီးဌာန | မြေပုံရေးဆွဲပြုစုသူ |
| | | |
| **စာစီနှင့်ဒီဇိုင်းအဖွဲ့** | | |
| ဦးနိုင်ဖြိုးကျော် | ဦးစီးအရာရှိ၊ ပြည်သူ့အင်အားဦးစီးဌာန | စာစီနှင့်ဒီဇိုင်းပြုစုသူ |
| ဒေါ်ချိုဇင်ဝင်း | အငယ်တန်းစာရေး၊ ပြည်သူ့အင်အားဦးစီးဌာန | စာစီနှင့်ဒီဇိုင်းပြုစုသူ |
| ဒေါ်ဝင့်နိုနိုထွန်း | အငယ်တန်းစာရေး၊ ပြည်သူ့အင်အားဦးစီးဌာန | စာစီနှင့်ဒီဇိုင်းပြုစုသူ |
| | | |

အစီရင်ခံစာများကို အောက်ဖော်ပြပါ

ဝက်ဘ်ဆိုဒ်များတွင် ရယူနိုင်ပါသည်။

www.dop.gov.mm

(သို့မဟုတ်)

http://myanmar.unfpa.org/census